နိဗ္ဗာန သစ္ဆိကိရိယာ စ ဧတံ မင်္ဂလ မုတ္တမံ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၅၅)

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား အိန္ဒိယတပ်မတော် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အဖွဲ့ ဂါရဝပြုတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး Lieutenant General, JS Varma PVSM, AVSM, ADC နှင့် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမသို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့ဂါရဝပြုတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းတို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး Lieutenant General, JS Varma PVSM, AVSM, ADC နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia နှင့် စစ်သံမှူး Colonel Jasvinder Singh Chopra တို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး Lieutenant General, JS Varma PVSM, AVSM, ADC နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး Lieutenant General, JS Varma PVSM, AVSM, ADC အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်းစဉ်)**



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)

# ရပ်ရွာအေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေး ရှေးရှုဆောင်ရွက်

နိုင်ငံတစ်နိုင်ငံအတွက် လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးသည် မရှိမဖြစ်လိုအပ်သော အခြေခံလိုအပ်ချက်များဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်ကို ပြန်လည်တည်ဆောက်ရာ၌ ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဦးစွာပထမဆောင်ရွက်ခဲ့သည်။

တစ်ချိန်က နယ်စပ်ဒေသများတွင် လုံခြုံမှု၊ အေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုများ လျော့နည်းခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရသည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် တပ်မတော်အစိုးရသည် နယ်စပ်ဒေသများတွင် အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ ယခုအခါ နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းသာယာပြီး နယ်မြေဒေသများ တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာသည်ကို မျက်မြင်ဒိဋ္ဌ မြင်တွေ့နေရပြီဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်တင်ဘာလ ၂၀ ရက်က ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၀၄ ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ပြီး ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားခဲ့သည်။

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မှာကြားရာတွင်–

**"နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို လုံခြုံအောင်၊ တည်ငြိမ်အောင်၊ တရားဥပဒေစိုးမိုးပြီး ရပ်ရွာအေးချမ်းသာယာအောင် ပထမဦးစားပေးပြီး ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ယခုအခါ မိမိတို့နိုင်ငံတွင် တည်ငြိမ်အေးချမ်းမှု၊ ရပ်ရွာအေးချမ်းသာယာမှုစသည့် အခြေအနေကောင်းများ ခိုင်မာစွာ ရရှိနေပြီဖြစ်ကြောင်း၊ သို့သော်လည်း ယင်းအခြေအနေကောင်းများကို ဖျက်လိုဖျက်ဆီးလုပ်လိုသည့် ပြည်တွင်း ပြည်ပက အန္တရာယ်များရှိနေသည်ကို မိမိတို့အနေဖြင့် အမြဲမပြတ်သတိထားပြီး အဖျက်သမားအန္တရာယ်များကို ကာကွယ်တားဆီးသွားကြရမှာ ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

တပ်မတော်အစိုးရသည် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို နေ့မအားညမနား ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ အထင်အရှား ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။ ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး ဖွံ့ဖြိုးတိုးတက်လာသဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အတူ ဒေသအုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများကို ထိထိရောက်ရောက် မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက ဒေသအုပ်ချုပ်ရေးစနစ်ကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ကွက်ပြည့်အကောင်အထည်ဖော်ပေးမှသာလျှင် တိုင်းရင်းသားအားလုံးသည် တရားဥပဒေ၏ အကာအကွယ်အောက်၌ အေးချမ်းလုံခြုံစိတ်ချစွာ နေထိုင် လုပ်ကိုင်စားသောက် နိုင်ကြမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်ကြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး လုပ်ငန်းများကိုပါ အထူးအလေးထား တည်ဆောက်သွားကြရမည်ဖြစ်သည်။

ယင်းသို့ တည်ဆောက်ထားမှသာလျှင် တိုးတက်ဖြစ်ထွန်းနေသည့် အခြေအနေကောင်းများအား ဖျက်လိုဖျက်ဆီး အနှောင့်အယှက်ပေးလိုသည့် ပြည်တွင်းပြည်ပ အဖျက်သမားအန္တရာယ်များကို တွန်းလှန်ဖယ်ရှားနိုင်ပြီး နိုင်ငံတော်အတွင်း ယခုထက်ပိုမို တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းတည်ဆောက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို အောင်မြင်သည်ထက် အောင်မြင်အောင် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးက တိုင်းရင်းသားပြည်သူများ တစ်ရပ်လုံး၏ အကျိုးစီးပွားကိုရှေးရှုပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးလာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပေးအပ်ထားသည့်တာဝန် ကျေပွန်ရုံအပြင် ရိုးသားကြိုးစားပြီး သစ္စာရှိရန်လို စက်ရုံ၏ကုန်ထုတ်လုပ်ငန်းများ ရည်မှန်းချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၁

**အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၉ ရက် နံနက် ၈ နာရီခွဲတွင် ပဲခူးတိုင်း ပြည်မြို့ရှိ ဝင်းသူဇာအရောင်းဆိုင်သို့ရောက်ရှိ၍ စက်မှု(၁)ထုတ်ကုန်ပစ္စည်းများ ပြည်သူများသို့ ရောင်းချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပစ္စည်းများပြတ်လပ်မှုမရှိစေရန် စနစ်တကျ မှာယူဖြည့်တင်းသိုလှောင်ထားရှိရေး၊ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော မူဝါဒများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရေး မှာကြားသည်။**

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း ရွှေတောင်အဆင့်မြင့် ချည်မျှင်၊ အထည်နှင့်အချောကိုင်စက်ရုံသို့ ရောက်ရှိ၍ ဆန်းသစ်လှပသည့် အဆင်ဒီဇိုင်းစုံ တိုးတက်ထုတ်လုပ်ပြီး ချိုသာသောဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဝါဖန်ခြင်းလုပ်ငန်းများ၊ ကုန်ထုတ်လိုင်းတစ်လျှောက်နှင့် ဝါလိပ်ခြင်းလုပ်ငန်းများကို အသေးစိတ် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

**မှာကြား**

ထို့နောက် ဝန်ကြီးသည်စက်ရုံခန်းမဆောင်၌ စက်ရုံမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများသည် မိမိအားပေးအပ်ထားသည့် တာဝန်များအပေါ် ကျေပွန်ရုံအပြင် မိမိလုပ်ငန်းအပေါ် အတွေးအခေါ်အယူအဆ မှန်ကန်စွာဖြင့် ရိုးသားကြိုးစားပြီး သစ္စာရှိကြရန်လိုကြောင်း၊ မိမိတို့ တတ်သိနားလည်ကျွမ်းကျင်သောပညာဖြင့် စက်ရုံ၏ကုန်ထုတ်လုပ်မှု လုပ်ငန်းများအား ရည်မှန်းချက်တာဝန်နှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း သာယာဝတီ ပန်းကန်နှင့်ကြွေပြားစက်ရုံရှိ ပန်းကန်စက်ရုံသို့ရောက်ရှိပြီး ပန်းကန်ပုံဖော်စက်အသစ် တပ်ဆင်ပြီးစီးမှုနှင့် စက်ဖြင့်ပန်းကန်ပုံဖော်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ပန်းကန်ပုံဖော်စက်အသစ် တပ်ဆင်မည့်နေရာ ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စက်ဟောင်းများနေရာတွင် ခေတ်မီ စက်သစ်များဖြင့် အစားထိုးတပ်ဆင်ရန် အမြန်မှာယူတပ်ဆင်သွားရေး မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဝန်ကြီးသည် အချောကိုင်ဌာနရှိ ထုတ်လုပ်ပြီး ရေအိမ်သုံးပစ္စည်းများ၊ အမှာစာအရ ထုတ်လုပ်သည့်ပုလင်းများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် Shanding ပုံစံမီးဖိုတပ်ဆင် မည့်အဆောက်အအုံတည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်၍ တိုးချဲ့ဆောက်လုပ်သွားမည့် မြေနေရာနှင့် ပန်းကန်ကြွေရည်စိမ်ခြင်းလုပ်ငန်း များ၊ ပန်းတပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် စမ်းသပ်ဌာနမှ စမ်းသပ်ထုတ်လုပ်ထားသော ကြွေပန်းကန် အမျိုးမျိုး၊ လျှပ်စစ်သုံးကြွေသီးအမျိုးမျိုးနှင့် ပန်းအလှအိုးများ၊ ရေအိမ် သုံးပစ္စည်းများ၊ ပန်းကန်များကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးကထုတ်ကုန် ပစ္စည်းများ၏အရည်အသွေးကောင်းမွန်ရန် စနစ်တကျသုတေသနပြု စမ်းသပ်သွားရေး မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် စက်ရုံထုတ် အရောင်အသွေးစုံဖြင့် ထုတ်လုပ်ထားသည့် ကြွေပြားနမူနာများကို စစ်ဆေး၍ ညနေပိုင်းတွင် စက်ရုံခန်းမဆောင်၌ စက်ရုံအရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံပြီး ကုန်ထုတ်လုပ်မှုရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**စက်တင်ဘာ ၁၉ ရက်က မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက်အတွင်းရှိ သီလဝိသောဓနီသိမ်တော်ကြီးကို နှစ်ထပ်သိမ်တော်ကြီးအဖြစ် အသစ်ပြန်လည် ဆောက်လုပ်ရန်အတွက် အလှူတော်ငွေကျပ်တစ်ဆယ့်နှစ်သိန်းကို သီဟသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်–ဒေါ်စန်းကြည်(ခ)ဒေါ်မြစန်းကြည် (သီရိရတနာမဥ္ဇူသာကုမ္ပဏီ)၊ သားမောင်နေလင်းအောင်၊ သမီး–မသီရိဆုမြတ်အောင် မိသားစုက ဂေါပကအဖွဲ့ဝင် ဦးတင်လှထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

# နှင်းဆီကုန်းဘိုးဘွားရိပ်သာ ငွေပဒေသာပင် အလှူရှင်များ စုပေါင်းရေစက်ချပွဲနှင့် ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၏ (၂၂)ကြိမ်မြောက် ငွေပဒေသာပင် အလှူရှင်များ စုပေါင်းရေစက်ချပွဲနှင့် အလှူရှင်များအားဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစက ရန်ကင်းမြို့နယ် ကျောက်ကုန်းမဟာဗောဓိ စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသအမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အဘိုးအဘွားများနှင့် အလှူရှင်များတက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဩဝါဒရိသတ်တို့က နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်အဂ္ဂမဟာ ဂန္ထဝါစကဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသထံမှငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်က ငွေပဒေသာပင် အလှူရှင်များ စုပေါင်းရေစက်ချပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

**ဆက်ကပ်**

ယင်းနောက် အုပ်ချုပ်ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင် များ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်က အနုမောဒနာတရားကို ဟောကြားတော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဘိန်းစိုက်ပျိုးမှုပပျောက်ရေးလုပ်ငန်း ကုလသမဂ္ဂက အသိအမှတ်ပြုသော်လည်း အမေရိကန်က တာဝန်မဲ့စွာအပြစ်တင်စွပ်စွဲနေ စီးပွားရေးပိတ်ဆို့မှုကြောင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဟန့်အတားဖြစ်စေခဲ့ မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းမှု စေတနာထားပူးပေါင်းဆောင်ရွက်သင့်

ရန်ကုန် စက်တင်ဘာ ၂၁

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အစည်းအဝေး(၂/၂၀၀၄)ကို ယနေ့မွန်းလွဲ ၁နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၊ ဗဟိုအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**



**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အစည်းအဝေး(၂/၂၀၀၄) တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**

## တိုက်တွန်း

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်း၏ ဒုတိယငါးနှစ်အစဖြစ်သည့်၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ ကုန်လွန်ခဲ့သည့် ပထမငါးနှစ်ကာလအတွင်းရရှိခဲ့ကြသည့် အတွေ့အကြုံနှင့် ရလဒ်များအပေါ်အခြေခံပြီး မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များအနေဖြင့် ဒုတိယငါးနှစ်အတွင်း၌ အရှိန်အဟုန်မြှင့်ပြီး ပေါင်းစပ်ညှိနှိုင်းဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

## နည်းလမ်းနှစ်သွယ်ဖြင့်ဆောင်ရွက်

၂၀၀၄-၂၀၀၅ခုနှစ် စိုက်ပျိုးရာသီအတွင်း ပန်းတိုင်သစ်စီမံကိန်း၏ အစားထိုးသီးနှံ စိုက်ပျိုးရေးလုပ်ငန်းအစီအစဉ် လျာထားချက်အတိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ ၂၀၀၄-၂၀၀၅စိုက်ပျိုးရာသီအတွင်းစီမံကိန်းဝင် ပြည်နယ်ငါးပြည်နယ်၌ မိုးသီးနှံ၊ ဆောင်းသီးနှံ နှစ်မျိုးပေါင်း ဧက ၃၁၄၀၀ စိုက်ပျိုးရန်လျာထားကြောင်း၊ ထိုသို့လျာထားချက်အရ မျိုးစေ့ဝယ်ယူဖြန့်ဖြူးစေခြင်း(Seed Distribution) နှင့်မျိုးစေ့ဖလှယ်ရယူစိုက်ပျိုးစေခြင်း(Seed to Seed)စသည့် နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အလားတူ မွေးမြူရေးလုပ်ငန်းအဖွဲ့အနေဖြင့်လည်း ပန်းတိုင်သစ်စီမံကိန်းအရ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်း(သုဝဏ္ဏသျှံ)ဒေသ၊ မိုင်းဆတ်(ယောင်ခ)ဒေသ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုင်းမောနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းဒေသများ၌ ဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးတိရစ္ဆာန်များဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

## တိုးတက်အောင်ဆောင်ရွက်

ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးရေးလုပ်ငန်းအဖွဲ့အနေဖြင့် ဒုတိယငါးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သည့် လက်ရှိ ၂၀၀၄ ဧပြီလမှ ဇူလိုင်လကုန်အထိ ကာလအတွင်း ကျိုင်းတုံ၊ လွိုင်ကော်၊ ကလေးနှင့် တမူးစသည့် ခရိုင် လေးခရိုင်အတွင်းမှ အခြေခံပညာဆရာ ဆရာမများအတွက် မူးယစ်ဆေးဝါးအန္တရာယ် HIV/AIDS စိတ်ကြွရူးသွပ်ဆေးနှင့် ဆေးလိပ်သောက်ခြင်း ဆိုးကျိုးအန္တရာယ် အသိပညာပေး သင်တန်းသုံးကြိမ် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပြီး ဆရာ ဆရာမ ၃၂၀ တက်ရောက်ခဲ့ကြကြောင်း၊ အဆိုပါသင်တန်းများ ဖွင့်လှစ်ရာတွင် ကုန်ကျခဲ့သည့် ကုန်ကျစရိတ်ငွေများ၏ ထက်ဝက်ဖြစ်သည့် ငွေ ကိုးသိန်းငါးသောင်းကိုးထောင်ကျော်ကိုလည်း မူးယစ်ဗဟိုရန်ပုံငွေမှ ကျခံသုံးစွဲပေးခဲ့ကြောင်း ဆက်လက်၍လည်း တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

## ပညာပေးလှုံ့ဆော်

ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့အနေဖြင့်လည်း မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ပတ်သက်သည့် ရေဒီယိုရုပ်မြင်သံကြားသတင်း၊ ပညာပေး တေးသီချင်းလှုံ့ဆော်ချက်၊ ဆောင်ပုဒ်နှင့် ဟောပြောချက်များ စဉ်ဆက်မပြတ်ထုတ်လွှင့်ပေးသကဲ့သို့ သတင်းစာခေါင်းကြီးပိုင်းနှင့်ဆောင်းပါးများ၊ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုနှင့် ပြစ်ဒဏ်ချမှတ်မှုသတင်းများကိုလည်း ဖော်ပြပေးခဲ့ကြောင်း၊ ၂၀၀၄ခုနှစ် မတ်လနှင့်ဇွန်လများအတွင်း မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဇာတ်လမ်းတိုနှစ်ပုဒ်ကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသနိုင်ခဲ့ကြောင်း၊ နိုင်ငံတကာထိုးနှက်ချက်များကို ပြေပျောက်စေရန်အတွက် သတင်းများထုတ်ပြန်ပေးရန်လည်း တိုက်တွန်းလိုကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းအနေဖြင့် ဇွန်၊ ဇူလိုင်လများအတွင်း၌ ရွှေပြည်သာ/ရွှေပြည်အေးလူငယ်များပြုစုပျိုးထောင်ရေးဌာန အပါအဝင် မန္တလေးနှင့်တာချီလိတ် ပြုစုပျိုးထောင်ရေးစခန်းများ၌ ဆေးဖြတ်ပြီးလူနာ ၁၄၁ ဦးကို ပြုစုပျိုးထောင်မှုပေးလျက်ရှိကြောင်း၊ ထို့အပြင် သင်တန်းသားရရှိမှု အခက်အခဲရှိသော ပြုစုပျိုးထောင်ရေးစခန်းများမှ တာဝန်ရှိသူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန မူးယစ်ဆေးဖြတ်ကုသဆေးရုံများသို့ သွားရောက်ကာ ဆေးဖြတ်လူနာများအား Social Rehabilitation ဖြစ်သည့် Counselling လုပ်ငန်းများ ဆောင်ရွက်ပေးသည့်စနစ်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဇွန်လအတွင်း ရန်ကုန်၊ နမ့်လတ်၊ မြစ်ကြီးနား၊ လားရှိုးနှင့်ကျိုင်းတုံပြုစုပျိုးထောင်ရေးစခန်း တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာ ဆေးရုံများမှ ဆေးဖြတ်ကုသမှုခံယူနေသူ ၃၂ ဦးအား Counselling လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့် ဆက်စပ်လုပ်ကိုင်စေလိုကြောင်း။

## ဖြန့်ဝေ

ပန်းတိုင်သစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးခဲ့ကြသည့် တောင်သူများအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဒုတိယအကြိမ် ဆန်နှင့်ဆားရိက္ခာထောက်ပံ့မှု အခြေအနေကို တင်ပြရလျှင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ‘ဝ’အထူးဒေသ(၂)နမ့်တစ်နှင့် ပန်ဆန်းတို့မှ တောင်သူများအတွက် ဆန်အိတ် ၂၀၀၀၊ ဆားအိတ် ၅၀၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်း၊ ဖယ်ခုံ၊ မိုင်းပန်၊ ဟိုပုန်းနှင့်ပင်လုံမြို့နယ်တို့မှ တောင်သူများအတွက် ဆန်အိတ် ၃၀၀၀နှင့် ဆားအိတ် ၁၀၀ စုစုပေါင်း ဆန်အိတ် ၅၀၀၀၊ ဆားအိတ် ၁၅၀ကို မူးယစ်ဗဟိုအစီအစဉ်ဖြင့် မေလအတွင်းက သက်ဆိုင်ရာ ပြည်နယ်များသို့ အရောက်ပေးပို့ခဲ့ပြီး ယခုအခါ ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် တိုင်းရင်းသားကိုယ်စားလှယ်များမှ တစ်ဆင့် တောင်သူများလက်ဝယ် အရောက်စနစ်တကျ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း။

ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ် WFP နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီးဆောင်ရွက်လျက်ရှိသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် အရှေ့ပိုင်းနယ်မြေ ‘ဝ’၊ ကိုးကန့်၊ ကွတ်ခိုင်၊ ကောင်းခါး၊ တာမိုးညဲ၊ မုံးကိုး၊ ဖောင်းဆိုင်နှင့် မန်တုံဒေသများမှ ဘိန်းမစိုက်တော့သည့် တောင်သူများအတွက် အရေးပေါ်စားနပ်ရိက္ခာ ထောက်ပံ့ရေးအစီအစဉ် အဆင့်(၂)အရ လောက်ကိုင်၊ ပန်ဆန်း၊ မန်တုံ၊ မန်းပန်၊ မုံးကိုးနှင့် ကောင်းခါးဒေသများအတွက် လျာထားသတ်မှတ်သည့် ဆန်တန်ချိန် ၂၄၀၀ကို သတ်မှတ်နေရာများကို ရောက်ရှိသယ်ပို့ပြီးဖြစ်ကြောင်း၊ ယင်းဆန်တန် ၂၄၀၀အနက် ဆန်တန်ချိန် ၃၀၀ခန့်ကို ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ကြောင်း။

## ထုတ်ပြန်

ဥပဒေနှင့် နည်းဥပဒေပြဋ္ဌာန်းရေး ဆောင်ရွက်မှု အခြေအနေကို တင်ပြရပါက ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး (Mutual Legal Assistance Law)ကို ၂၀၀၄ခုနှစ် ဧပြီ ၂၈ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၄/၂၀၀၄)ဖြင့် ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ ထိုသို့ပြဋ္ဌာန်းနိုင်ခဲ့သည့်အတွက်သတင်းအချက်အလက်များ ဖလှယ်ရေး၊ စုံစမ်းစစ်ဆေးရေး၊ စစ်ဆေးစီရင်ရေးနှင့် အရေးယူဆောင်ရွက်ရေးကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ ကွန်ဗင်းရှင်းဝင် နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး၊ နည်းဥပဒေ ဆက်လက်ထုတ်ပြန်နိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများကို ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၀၄) ဖြင့် ၁-၇-၂၀၀၄ရက်နေ့တွင် ထုတ်ပြန်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

စက်တင်ဘာ ၁၆ရက်တွင် အမေရိကန်သမ္မတ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ထိရောက်စွာ မဆောင်ရွက်နိုင်သည့် ၂၂နိုင်ငံစာရင်းထုတ်ပြန်ခဲ့ကြောင်း၊ အဓိကအားဖြင့် မူးယစ်ဆေးဝါး အမြောက်အမြား တရားမဝင်ထုတ်လုပ်မှုနှင့် သယ်ဆောင်ရာ တစ်ထောက်နားနိုင်ငံများ စာရင်းဖြစ်ကြောင်း။

## စွပ်စွဲ

ယင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံအပါအဝင် ၂၂နိုင်ငံတို့သည် လွန်ခဲ့သည့် ၁၂လအတွင်း၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်များနှင့် အမေရိကန်နိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထိရောက်စွာကြိုးပမ်းရန် ပျက်ကွက်ခဲ့ကြောင်း၊ ထုတ်လုပ်မှု လျှော့ချရေး၊ ချေမှုန်းရေး၊ တားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှု၊ တရားခံလွှဲပြောင်းပေးမှု၊ ဥပဒေပြဋ္ဌာန်းရေး၊ အကျင့်ပျက်ဝန်ထမ်းများအား အရေးယူရေး၊ မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်နေသည့် ပြစ်မှုများကိုပါ အရေးယူရေးနယ်ပယ်အားလုံးတွင် ပျက်ကွက်ကြောင်း စသည်ဖြင့် ဖော်ပြထားကြောင်း။

ယင်းစွပ်စွဲချက်များသည်ယေဘုယျသိမ်းကျုံးဖော်ပြချက်များသာဖြစ်ပြီး မြန်မာနိုင်ငံအစိုးရအနေဖြင့် မည်သည့်နိုင်ငံများ၏အကူအညီမျှမပါဘဲ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အာဏာပိုင်များနှင့်တိုင်းရင်းသားပြည်သူများကပါ အပြန်အလှန်ယုံကြည်စိတ်ဖြင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အဆိုပါအောင်မြင်မှု အကျိုးရလဒ်များသည်လည်း UNODC နှင့်အမေရိကန်နိုင်ငံတို့၏ ဂြိုဟ်တုဓာတ်ပုံသတင်းနှင့် မြေပြင်ကွင်းဆင်းတိုင်းတာရေးတို့မှ ရရှိသည့် အဖြေများက သက်သေခံလျက်ရှိကြောင်း၊ နိုင်ငံရေးအရ မျက်စေ့မှိတ်စွပ်စွဲပြောဆိုနေခြင်းသည် အလွန်ရှက်ဖွယ်ကောင်းလှသည်ဟု သုံးသပ်ရမိကြောင်း။

မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးဆောင်ရွက်ချက်များကိုကုလသမဂ္ဂအနေဖြင့်အသိအမှတ်ပြုသော်လည်း အမေရိကန်နိုင်ငံအနေဖြင့် အသိအမှတ်မပြုရုံသာမက တာဝန်မဲ့စွာ လက်ညှိုးထိုးအပြစ်တင် စွပ်စွဲနေသည်ကို တွေ့ရကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကမ္ဘာတွင်အကြီးမားဆုံးမူးယစ်ဆေးဝါးမျိုးစုံ၏ ဈေးကွက်ဖြစ်နေသည့် အမေရိကန်နိုင်ငံအနေဖြင့် ယင်းတို့၏ မူးယစ်ဆေးဝါးသုံးစွဲသူ ထူပြောသည့် နိုင်ငံအဖြစ်ကို ဖုံးကွယ်လွဲရှောင်လိုသည့်အတွက် အခြားနိုင်ငံများအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို ထိရောက်စွာ မဆောင်ရွက်ကြောင်းဖြင့် အသံကောင်းဟစ် စွပ်စွဲနေခြင်းသာဖြစ်ကြောင်း။

## ထိရောက်စွာအရေးယူ

မြန်မာနိုင်ငံအနေဖြင့် တရားမဝင်ဘိန်းစိုက်ပျိုးမှုသည် ကိုးနှစ်အတွင်း ၈၁ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့သည့်အပြင် ဘိန်းထုတ်လုပ်မှုသည်လည်း ၈၈ ရာခိုင်နှုန်းအထိ သိသိသာသာ လျှော့ချနိုင်ကြောင်း အမေရိကန်ဘိန်းအထွက်နှုန်းတိုင်းတာရေးအဖွဲ့ CNC က အသိအမှတ်ပြုထုတ်ပြန်ခဲ့ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့



## လက်ဘနွန်သုံးဦးနှင့် အီရတ်ယာဉ်မောင်းတစ်ဦးပြန်ပေးဆွဲခံရ ပြည်ပကုမ္ပဏီများ အီရတ်ကို စွန့်ခွာစေရန် ရည်ရွယ်ခြင်းဖြစ်

ဘဂ္ဂဒက် စက်တင်ဘာ ၁၉

**လက်ဘနွန်သုံးဦးနှင့်၎င်းတို့၏ အီရတ်ယာဉ်မောင်းတို့ အီရတ်၌ပြန်ပေးဆွဲခံရကြောင်း လက်ဘနွန်နိုင်ငံခြားရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့၌ ပြောကြားသည်။**

ပြန်ပေးဆွဲအဖမ်းခံရသူလေးဦးသည် ဘဂ္ဂဒက်-ဖော်လူဂျာအဝေးပြေးလမ်းမကြီးပေါ်တွင် သောကြာနေ့ညှ၌ သေနတ်သမားများ၏ ဖမ်းဆီးခြင်းခံခဲ့ရခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနအရာရှိတစ်ဦးက ပြောကြားသည်။

### အတိအကျမသိရ

လက်ဘနွန်သုံးဦးမှာ ဘဂ္ဂဒက်ရှိ ခရီးသွားလာရေးအေဂျင်စီခွဲမှ ဝန်ထမ်းများဖြစ်ကြောင်း အဆိုပါအရာရှိက ပြောကြားသည်။ဘာကြောင့်ပြန်ပေးဆွဲဖမ်းဆီးသည်ကို ချက်ချင်းအတိအကျမသိရဟုဆိုသည်။

### ညွှန်ကြားထား

လက်ဘနွန်နိုင်ငံခြားရေးဝန်ကြီးဂျင်အိုဘိဒ်က ထိုလက်ဘနွန်သုံးဦးလွတ်မြောက်ရေး အာမခံချက်ရှိရန် အီရတ်အာဏာပိုင်များနှင့် ဆက်သွယ်ဆောင်ရွက်ဖို့ အီရတ်ရှိ လက်ဘနွန်သံရုံးယာယီတာဝန်ခံ ဟက်ဆန်အားညွှန်ကြားထားသည်။

အီရတ်တွင် နိုင်ငံခြားသား ၁၂၀ ခန့် ပြန်ပေးဆွဲခြင်းခံခဲ့ရပြီး အများအပြားမှာ သတ်ဖြတ်ခြင်း ခံခဲ့ကြရသည်။

ပြည်ပကုမ္ပဏီများအား အီရတ်မှ စွန့်ခွာစေရန်အတွက်လည်းကောင်း၊ အမေရိကန်ဦးဆောင်သည့် အီရတ်ပြန်လည် ထူထောင်သည့်လုပ်ငန်း ပျက်ပြားစေရန်အတွက် ပြန်ပေးဆွဲခြင်းကို အများဆုံးပြုလုပ်ခဲ့ကြသည်။

**(အင်တာနက်)**

### ပျက်စီး

**ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော နေအိမ်တစ်လုံးကို စက်တင်ဘာ ၁၈ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## စက်တင်ဘာ ၂၀ ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၀၃၂ ဦး ရှိသွားပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၂၁

**အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက် ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိ တိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။**

စက်တင်ဘာ ၂၀ ရက် တနင်္လာနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၀၃၂ ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၇၈၂ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး၂၅၀မှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

### သေဆုံး

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၅ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ရှစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်းရှစ်ဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အခြားနှစ်ဦး၊ နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီသေဆုံးခဲ့ကြသည်ဟု ဆိုသည်။ သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်းကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၈၉၄ ဦးဖြစ်ပြီး ယင်းအနက် ၆၇၃ ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၂၁ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်က ပြောကြားသည်။

**(အင်တာနက်)**

## ဘုရှ်၏အီရတ်မူဝါဒ ရီပတ်ဘလစ်ကန်အမတ်များ ပြစ်တင်ရှုတ်ချ မူဝါဒအချို့ ပြန်လည်ဆန်းစစ်ရန်လိုမည်ဟု ပြောကြား

ဝါရှင်တန် စက်တင်ဘာ ၂၀

**အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်၏ အီရတ်မူဝါဒသည် အယူအဆအမှားနှင့် အရည်အချင်းပြည့်စုံခြင်းမရှိသော မူဝါဒဖြစ်ကြောင်း ဘုရှ်၏ ရီပတ်ဘလစ်ကန်ပါတီမှ ထိပ်တန်းအဖွဲ့ဝင်များက တနင်္ဂနွေနေ့၌ ပြစ်တင်ရှုတ်ချလိုက်သည်။**

### တိုက်တွန်း

ထို့ပြင် ရီပတ်ဘလစ်ကန် အထက်လွှတ်တော်အမတ်များက ပီပြင်ခြင်းမရှိသော အီရတ်ဆိုင်ရာ သဘောထားအမြင်နှင့် ပြည်တွင်းစစ်ဖြစ်နိုင်သည့် အလားအလာများ တိုးလာစေသည့် စီအိုင်အေ အစီရင်ခံစာကို ဖော်ပြပြီးသည့်နောက်ပိုင်း အမေရိကန်ပြည်သူများအား ပိုမိုပွင့်ပွင့်လင်းလင်းဖြစ်စေရန်လည်း ဘုရှ်အား တိုက်တွန်းလိုက်သည်။

### စစ်ဆေးရန်လို

အီရတ်နိုင်ငံနှင့် ပတ်သက်၍ မိမိ ဒုက္ခအကြီးအကျယ်တွေ့နေရသည်မှာ ဖြစ်ရပ်အမှန်ဖြစ်ကြောင်း၊ မူဝါဒအချို့ကို မိမိတို့ဆန်းစစ်ရန်လိုမည်ထင်ကြောင်း နီဘရာစကာပြည်နယ်မှ ရီပတ်ဘလစ်ကန် အထက်လွှတ်တော်အမတ် ချပ်ခ်ဟေဂျယ်က ပြောကြားသည်။

### မဟန့်တားနိုင်

အရီဇိုးနားပြည်နယ် ရီပတ်ဘလစ်ကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းကလည်း မိမိတို့အမှားကြီးများခဲ့သည်ဟု ပြောကြားသည်။ ၂၀၀၃ ခုနှစ်၌ အီရတ်ကို အမေရိကန်ဦးဆောင်ပြီး ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း လုယက်မှုများအား လျစ်လျူရှုခဲ့မှု၊ အီရတ်နယ်စပ်များကို လုံခြုံရေးမပေးနိုင်မှု၊ နိုင်ငံတွင်း၌ ပြောက်ကျားတို့ခြေကုပ်စခန်းထူထောင်ခြင်းကို မဟန့်တားနိုင်မှုတို့သည် အမှားများဖြစ်ကြောင်း မက်ကိန်းက ပြောကြားသည်။

### စွပ်စွဲခဲ့

၎င်းက ပြောက်ကျားတို့ထိန်းချုပ်ထားသည့် ဒေသများကိုပြန်သိမ်းရန်အတွက် မြေပြင်ထိုးစစ်များလုပ်ရန် အရေးတကြီးလိုအပ်သော်လည်း ဘုရှ်ပြန်လည်အရွေးခံရရေး အခွင့်အလမ်းများ ထိခိုက်မည်စိုး၍ ဘုရှ်အစိုးရက ရပ်ဆိုင်းထားသည်ဟု ဒီမိုကရက်တစ်ခေါင်းဆောင်က စွပ်စွဲပြောကြားသည်။

### ပြစ်တင်ဝေဖန်

အီရတ်ဝန်ကြီးချုပ် အီယက်ဒ်အလာဝီအား ဧည့်ခံရန် ဘုရှ်ကပြင်ဆင်နေချိန်တွင် ရီပတ်ဘလစ်ကန် အမတ်များ၏ ပြစ်တင်ဝေဖန်မှုများ ယင်းသို့ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**




### လုံခြုံရေးစောင့်ကြပ်

**ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာအနီး လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို စက်တင်ဘာ၁၈ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## တူရကီထရပ်ကားယာဉ်မောင်းတစ်ဦး မိုဆူးလ်မြို့၌ ပစ်ခတ်ခံရ၍ သေဆုံး

အစ္စတန်ဘူလ် စက်တင်ဘာ ၂၀

**တူရကီထရပ်ကားယာဉ်မောင်းတစ်ဦးသည် တူရကီမှ ကုန်ပစ္စည်းများ သယ်ဆောင်ပေးပို့စဉ် စနေနေ့က အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့၌ ပစ်ခတ်တိုက်ခိုက်ခံရပြီး သေဆုံးခဲ့ကြောင်း အင်န်တီဗွီသတင်းဌာနက ကြေညာသည်။**

### စတင်ထွက်ခွာ

ယာဉ်မောင်း၏ အမည်မှာ ဘာယင်ဒါလီဖြစ်ပြီး ၎င်းသည် တူရကီနိုင်ငံ အရှေ့တောင်ပိုင်းရှိ ဂါဇီယန်တက်မှဖြစ်ကာ တူရကီနိုင်ငံ အနောက်ပိုင်းရှိ အစ်ဇ်မာမြို့မှ လွန်ခဲ့သည့် ငါးရက်က စတင်ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်း အင်တီဗွီက ပြောသည်။

### မျှော်လင့်

အဆိုပါ သတင်းနှင့်ပတ်သက်၍ ဖြစ်ပွားသည့် သတင်းအရင်းအမြစ်ကို ခွဲခွဲခြားခြား မသိရှိရသေးကြောင်း၊ စနေနေ့နံနက်က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှု၏ အသေးစိတ်ကို မသိရသေးကြောင်း ပြောဆိုသော်လည်း ကုမ္ပဏီက ၎င်း၏အလောင်းကို တနင်္ဂနွေနေ့တွင် တူရကီသို့ ပြန်လည်သယ်ဆောင်မည်ဟု မျှော်လင့်ရကြောင်း ကုမ္ပဏီ၏အရာရှိများက ပြောသည်။

### ဖြစ်ပွား

ဘဂ္ဂဒက်နိုင်ငံမြောက်ပိုင်းလမ်းတစ်လမ်းတွင် သေနတ်သမားများက တူရကီထရပ်ကားယာဉ်မောင်းသုံးဦးအား ဖမ်းဆီးသွားကြောင်း အီရတ်အမျိုးသားကာကွယ်ရေးအဖွဲ့က ပြောကြားပြီး နောက်တစ်ရက်တွင် ယင်းကဲ့သို့တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**

## ယူရေနီယံထုတ်လုပ်မှုရပ်ဆိုင်းရန် အိုင်အေအီးအေတောင်းဆိုချက် အီရန်နိုင်ငံငြင်းပယ်

**တီဟီရန် စက်တင်ဘာ ၂၀**

အီရန်နိုင်ငံ၏ ပြည့်ဝယူရေနီယံထုတ်လုပ်မှုဆောင်ရွက်ရေးလုပ်ငန်းကို ရပ်တန့်ရန် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)၏ တောင်းဆိုချက်ကို အီရန်နိုင်ငံက ငြင်းပယ်လိုက်သည်။ အိုင်အေအီးအေ၏ တောင်းဆိုချက်ကို အီရန်နိုင်ငံက လိုက်နာရန် နိုင်ငံပေါင်း ၃၅ နိုင်ငံပါဝင်သောအဖွဲ့က စနေနေ့တွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံ မလိုက်နာပါက နိုဝင်ဘာ ၂၅ ရက်၌ ကျင်းပမည့် ကုလသမဂ္ဂ ညီလာခံကို တင်ပြမည်ဖြစ်ကြောင်း သိရသည်။ အီရန်နိုင်ငံသည် နျူကလီးယားလက်နက် ထုတ်လုပ်ရန် ဆောင်ရွက်နေသည်ဆိုသော အမေရိကန်၏စွပ်စွဲချက်ကို အီရန်က ငြင်းဆိုခဲ့သည်။

**(စီစီတီဗွီ)**



# 'ကိုယ်လည်းရှင်သန်နေ၊ သူတစ်ပါးလည်းရှင်သန်စေ' ဟူသောဝါဒသို့

ဗလမင်းထင်

**Beijing Review -Vol 47 (No.23) June 10-2004 တွင် အယ်ဒီတာ့အာဘော်ကို Live and Let Live ခေါင်းစဉ်ဖြင့် ဖော်ပြထားရာ အောက်ပါအတိုင်း ကိုးကားရေးသားဖော်ပြလိုက်ပါသည်။**

"အကြင်နိုင်ငံတစ်နိုင်ငံအဖို့ ''To Live' ရှင်သန်ရပ်တည်ရန်တည်းဟူသော အနက်အဓိအပ္ပာယ်သည် ၎င်းနိုင်ငံ၏ ရှင်သန်ရပ်တည်မှု၊ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ရွေးချယ်ပိုင်ခွင့် Option အခွင့်အလမ်းများရှိသည်ကို လက်ခံသိရှိသဘောပေါက်ရေးကို ဆိုလိုပေသည်။ 'Let Live' ရှင်သန်ရပ်တည်ပါစေဟူသော အနက်အဓိပ္ပာယ်ကား အခြားတိုင်းပြည်များ၏ ပြည်တွင်းရေး၊ အခွင့်အလမ်းနှင့် အကျိုးစီးပွားများကို လေးစားသမှုပြုရေးကို ဖော်ညွှန်းပေသည်။ ယင်းအမှန်တရားများကို ရိုးသားဖြူစင်သော ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင် အဆက်ဆက်က လေမုန်တိုင်းနှင့် လိုက်ဖက်ညီ ပြုမူလှုပ်ရှားသည်ဖြစ်၍ မုန်တိုင်းအထပ်ထပ်၏ ဒဏ်ရာဒဏ်ချက်များအတွင်း၌ပင် ရှင်သန်ရပ်တည်နေနိုင်ပေသည်။ အသို့ဆိုသဖြင့် မီးစင်ကြည့်ကရမည်ဆိုသော အစွန်းတရားက တစ်ဖက်၊ မူဝါဒအပေါ်တွင် ခိုင်မာပြတ်သားပြီး မိမိ၏ မူဝါဒအားထိပါးသူမှန်သမျှအပေါ် အင်အားသုံး၍ ရန်သူကဲ့သို့ သဘောထား တုံ့ပြန်ရမည်ဟူသော အစွန်းတရားက တစ်ဖက်၊ ဤအစွန်းတရား သွေဖည်ရာနှစ်ရပ်အကြား မရှိုမပင်ငြိမ်းငြာကျသော တူရူလမ်းကို ရွေးချယ်တတ်ရန်၊ အခြေခံမူဝါဒပေါ်တွင် ပြတ်သားပြီး နည်းဗျူဟာပိုင်းဆိုင်ရာ


BEIJING REVIEW

A News Weekly Published Since 1958

Live and Let Live

By LII HAIBO

For a given nation, to live means to pursue its own interests and to realize its rights of survival and development. To let live refers to respecting the interests and rights of other nations. This simple and clear truth was summed up by our ancestors based on the same simple and clear fact that we have inhabited, and will continue to inhabit, a planet that is diverse in all aspects.

**အင်အားကြီးမားသော ကမ္ဘာ့နိုင်ငံကြီးများက စိတ်စေတနာ ဖြူစင်မှန်ကန်စွာဖြင့်၊ စာနာစိတ်ထားဖြင့် နိုင်ငံငယ်များကို လက်တွဲခေါ်ဆောင်လျှင် ၎င်းနိုင်ငံကြီးများသည် ကမ္ဘာ့ရှေ့ဆောင် ခေါင်းဆောင်များဘဝ၌ မုချမသွေ ရပ်တည်နိုင်ကြပေလိမ့်မည်။**

အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး၏ 'စံ' ခံယူချက် သဘောတရားအဖြစ် ချမှတ်ကျင့်သုံးခဲ့ခြင်း ဖြစ်လေသည်။ ဤအမှန်တရားသည် နိုင်ငံတစ်နိုင်ငံချင်းစီ အလိုက် သမိုင်းအစဉ်အလာ ရေမြေသဘာဝကအစ ယဉ်ကျေးမှုထုံးဓလေ့စဉ်လာများ ကွဲပြား၍ အမျိုးသားရေးစရိုက်လက္ခဏာ အသီးသီးရှိကြသည့် တိုင်းပြည်နိုင်ငံများအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ဖော်ညွှန်းသည့် သဘောတရားပင် ဖြစ်လေသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကို အာမခံချက်ပေးနိုင်သော သဘောတရား ဖြစ်သည်။

"အတွေးတိမ်၍ အပေါ်ယံကြော ပြောကြသူများသည် ဤယေဘုယျ အမှန်တရား(General Truth) ကို လက်မခံနိုင်ကြဘဲ လိုသလို အနက်ကောက်၍ အမှန်တရားမှ သွေဖည်ကြသည်။ ငြင်းပယ်ကြသည်။ သို့ဖြစ်၍ နိုင်ငံအချင်းချင်း ဆက်ဆံရာ၌ မတည်မငြိမ်ဖြစ်စေသည့် အကြောင်းခြင်းရာများ ကမ္ဘာတစ်ဝန်း မရေတွက်နိုင်အောင် ဖြစ်ကြရသည်။ အပြည်ပြည်ဆိုင်ရာ ပဋိပက္ခများ ကြုံဆုံရသည်။ စစ်ပွဲများ၊ နယ်စပ်ဒေသ အငြင်းပွားမှုများ၊ လူမျိုးရေး/ဘာသာရေး ပဋိပက္ခများဖြစ်ကြရသည်။ သို့ဖြင့် ကမ္ဘာ့လူသားအများစု ငြိမ်းချမ်းစွာလျှောက်လှမ်းလိုကြသည့် တူရူလမ်းကြောင်းကို ကံမကောင်းအကြောင်းမလှ ဖြစ်စေတော့သည်။ အဆိုပါ အခြေအနေ အရပ်ရပ်က ညွှန်ပြသော Live and Let Live ဟူသော ဖြစ်သင့်ရှိသင့်သည့် မူဝါဒသဘောတရား အခြေခံများသည် လက်တွေ့လူမှုဘဝ၊ ကမ္ဘာ့နိုင်ငံရေးစင်မြင့်ထက်တွင် အံမဝင်တော့ချေ။ သို့ဖြစ်ခြင်းကြောင့် ကမ္ဘာ့ကုလသမဂ္ဂ၏ ပဋိညာဉ်နှင့် မူဝါဒနှုန်းစံများ (UN Charter and Oath) တို့နှင့် သွေဖည်ကြရလေတော့သည်။

"သို့ဖြင့်တပြီးကား လူသားတို့၏ စိတ်ပိုင်းဘဝနှင့် ရုပ်ပိုင်းဘဝတို့၏ အညမည ဖြစ်စဉ်တရားဖြစ်သော လူ့ဘောင်၏သမိုင်းစဉ် လူ့ယဉ်ကျေးမှုကြီး မျိုးဆက်အလိုက် လက်ဆင့်ကမ်း၍ တည်ဆောက်ခဲ့ကြရသည့် The whole Human Civilization သည် သရုပ်ပျက်ဘဝသို့ ရောက်လာပေတော့သည်။ ထို့ကြောင့် လူသားတာဝန်(Humanist Duty)ကျေပွန်ကြရန် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်မိမိ ဝေဖန်ဆန်းစစ်၍ အဆိုပါ Live and Let Live ဟူသော သဘောတရားအတိုင်း နိုင်ငံတစ်နိုင်ငံသည် အခြားတစ်နိုင်ငံကို ကိုယ်နှင့်ထပ်တူ ပြုကြရပေလိမ့်မည်။ ဆိုလိုသည်မှာ ကိုယ်ချင်းစာတရား ထားရှိရပေလိမ့်မည်။ ကိုယ်ချင်းစာတရားသည် လောကီလူမှုဆက်ဆံရေးတွင် လူပုဂ္ဂိုလ် အချင်းချင်း ဆက်ဆံရေးမှသည် တိုင်းပြည်နိုင်ငံတစ်ခုနှင့်တစ်ခု၊ ဒေသတစ်ခုနှင့်တစ်ခု ကမ္ဘာနှင့်အဝန်း ပေါင်းရုံးဆက်သွယ်သော ဖြစ်ပေါ်မှုအစဉ် (Globalization) တွင် ဘက်စုံကဏ္ဍစုံ၌ ထားရှိရမည့် သဘောတရားဖြစ်သည်။ သို့ဖြစ်သည့် အလျောက် Foreign Relation တည်းဟူသော နိုင်ငံခြား/ပြည်ပ ဆက်ဆံရေးသည် လူ့သမိုင်းတွင် အရေးပါသည့် အခန်းကဏ္ဍကြီးတွင် သိမ်မွေ့နက်နဲလှသော လူမှုရေးသိပ္ပံတစ်ရပ် ဖြစ်ရပေတော့သည်။

"နိုင်ငံတကာ ဆက်ဆံရေးအား မည်သို့ကိုင်တွယ် လုပ်ဆောင်ရမည်ဟု မြော်မြင်စဉ်းစား ဆင်ခြင်တွေးခေါ်မှုသည် ဝိဇ္ဇာပညာရပ်တစ်ခုဖြစ်သလို သိပ္ပံပညာရပ်တစ်ခုလည်း ဖြစ်နေပေတော့သည်။ သံတမန်ဆက်ဆံရေး၏ အန္တိမ ရည်မှန်းချက်သည် နိုင်ငံအားလုံး မိတ်ဝတ်မပျက်ဆက်ဆံရေး၌ ချစ်ကြည်ရေး သဘောထား ရှိကြရခြင်းပင် ဖြစ်သည်။ ကဏှကောစနှင့် ပဋိပက္ခတရား၊ ဝိရောဓိများ ပွားစီးရန် မဟုတ်ချေ။

"မလေးစကားပုံတစ်ရပ် ရှိသည်။ လေပြင်းမုန်တိုင်း မည်မျှပင်တိုက်တိုက် နွဲ့နှောင်းပျော့ပျောင်းသော သစ်ပင်သစ်ကိုင်း နွယ်မြက်တို့သည် အဆိုပါ ကျင့်သုံးဖော်ဆောင်ရာတွင် ပျော့ပျောင်းရမည်ဟုဆိုလိုခြင်း ဖြစ်ပေသည်။"

ဖော်ပြပါ အယ်ဒီတာ့အာဘော်ကို ဖတ်ရှုပြီးနောက် ဆက်စပ်စဉ်းစား တွေးခေါ်စရာအချက်များကို စစ်ကြောမိလေသည်။

ကမ္ဘာ့နိုင်ငံရေးသုခမိန်ကြီးတစ်ဦးက ၎င်းဦးဆောင်ပြီး တော်လှန်ရေး ဆင်နွှဲစဉ်က ၎င်း၏လက်အောက်ရဲဘော်ရဲဘက်များကို ဤသို့မေးဖူးသည်။ 'နိုင်ငံရေးဆိုတာဘာလဲ' ဟူသော မေးခွန်းပင်။ နိုင်ငံရေးနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ရလျှင် ကမ္ဘာကုန်ကျယ်သရွေ့ ပြောမဆုံးနိုင်အောင် နက်နဲကျယ်ပြောလှပေသည်။ နိုင်ငံရေးဟူသည် အဘယ်နည်းဆိုသော မေးခွန်းကို အမျိုးမျိုး လက်လှမ်းမီ ဉာဏ်မီသရွေ့ လက်တွေ့လူမှုဘဝတို့ဖြင့် ထင်ဟပ်၍ အဆိုပါခေါင်းဆောင်ကြီး၏ ရဲဘော်ရဲဘက်များက ဖြေဆိုနိုင်ကြပါ၏။ ၎င်းခေါင်းဆောင်ကြီးက မိမိ၏သွေးသောက်များ ဖြေဆိုသည်ကို 'မမှားပါ' ဟုပြောကြား၏။ သို့သော် လိုရင်းအချုပ်ကို ဝါကျတစ်ကြောင်းတည်းဖြင့် ရှင်းရှင်းလင်းလင်းဤသို့ ပြောကြားလိုက်သည်။ "နိုင်ငံရေးဆိုတာ ကိုယ့်ကိုမုန်းတဲ့လူနည်းပြီး ချစ်သူ၊ ခင်သူ၊ ကြင်နာသူ များနိုင်သမျှ များအောင် လုပ်တာနိုင်ငံရေးပဲ" ဟု ကွက်ကွက် ကွင်းကွင်းဖော်ပြလိုက်သည်။

**"မျက်မှောက်လူသားကမ္ဘာသည် တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဟူသော လမ်းကြောင်းမှလွဲ၍ အခြားရွေးချယ်ရန် လမ်းမရှိပြီ"** မုန်းဖို့လွယ်၏၊ ချစ်ဖို့ခင်ဖို့ အလွန်တရာမှ ကြိုးပမ်းယူရသည်။ ထို့ကြောင့် WAR & PEACE ဂန္ထဝင်စာအုပ်ကိုရေးသားသော စာရေးဆရာကြီးက ငြိမ်းချမ်းရေးသည် စစ်ပွဲထက် ပို၍အသိပညာ၊ ဉာဏ်အမြော်အမြင်၊ ဆင်ခြင်တုံတရား၊ ဗဟုသုတ၊ စိတ်ရှည်သည်းခံမှု၊ စာနာထောက်ထားမှု၊ နားလည်ခွင့်လွှတ်မှုစသော Moral Ethics ကိုယ်ကျင့်အသိပညာအဘိဓမ္မာရှိမှုဖြစ်ပေမည်ဟု ပြဆိုထားသည်။ ငြိမ်းချမ်းသော လူမှုပတ်ဝန်းကျင်ကို တည်ဆောက်နိုင်မှသာလျှင် တကယ့် လူသားအကျိုးပြုဝါဒီ ဖြစ်မည်။ နိုင်ငံခြားရေးဝါဒ၏ အနှစ်ချုပ် အတွင်းသရုပ်ကား အဘယ်နည်း?။ "နိုင်ငံခြားရေးဝါဒဟူသည် မိမိ၏ ပြည်တွင်းတွင် ကျင့်သုံးသောဝါဒ ခံယူချက်သဘောထားကို ပြည်ပဆက်ဆံရေးနယ်ပယ်သို့ ဆန့်ထုတ်မှု၏ ပြယုဂ်ပင်ဖြစ်သည်။" (Foreign policy of a nation is nothing but symbolizing of its domestic policy-in international relation reflection) တစ်နည်းဆိုရလျှင် မိမိပြည်တွင်း၌ ကျင့်သုံးသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် လောကီလူမှုအထိန်းဘောင်သည် (Political Frame Work) ခေါ်ခေါ် (Constitution) ဖွဲ့စည်းပုံခေါ်ခေါ် ယင်းအထိန်းဘောင်၏ အနှစ်သာရသည် (Real Embodiment of Humanism) လူသားအကျိုးပြုဝါဒ ကေန်စစ်စစ်ဖြစ်ရပေလိမ့်မည်။

ယနေ့ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ခေတ်သုံးစကားများ ဖြစ်နေသော Protectionism၊ Peaceful Co-existence၊ ဒိုမိနို သီဝရီ၊ ဆင်းရဲချမ်းသာ ကွာဟမှုဂယက်၊ Pre-emption ကြိုတင်လက်ဦးမှုရယူရေး၊ လက်နက်လျှော့ပေါ့ဖျက်သိမ်းရေး၊ နျူကလီးယားမဲ့ ဇုန်ထူထောင်ရေး၊ အပစ်အခတ်ရပ်စဲရေးကအစ ပြောမဆုံးနိုင်အောင်အထိ ကိုလိုနီဝါဒ လက်ဟောင်း လက်သစ် အပါအဝင် ဩဇာနယ်ပယ်ချဲ့ထွင်မှုဝေါဟာရ-ပညတ်-ဝိဇ္ဇာမာန ပညတ်များ အသီးသီး ပေါ်လာနေကြောင်း တွေ့ရှိနိုင်ပေသည်။

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ ယခုနှစ် ဇူလိုင်လ၁၁ရက်နေ့မှ ၁၈ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သော ချစ်ကြည်ရေးခရီးစဉ်သည် တရုတ်-မြန်မာ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးမှသည် ညီရင်းအစ်ကို ချစ်ကြည်ရေးသို့ တိုးမြှင့်ဖော်ဆောင်ခဲ့သည့် ခရီးစဉ်ဖြစ်သည်။ တစ်နည်းအားဖြင့် လွန်ခဲ့သော နှစ်ပေါင်း (၅၀) ၁၉၅၄ ခုနှစ်မှစ၍ ဘက်မလိုက်လှုပ်ရှားမှုအဖြစ် မြန်မာနိုင်ငံ အပါအဝင် အမြော်အမြင်ကြီးမားသော အာရှနိုင်ငံများ ချမှတ်ကျင့်သုံးဖော်ဆောင်ခဲ့သည့်နိုင်ငံခြားရေးဝါဒ၏ ဆက်လက်ရှင်သန်မှုကို ပြဆိုသည့်သဘော သက်ရောက်ပေသည်။ ၁၉၅၅ခုနှစ် ဧပြီလတွင် အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့၌ ကျင်းပခဲ့သော ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်၊ ယင်းမူကြီး (၅) ချက်ကို ထပ်ဆင့်ဖော်ဆောင်ရာ ၁၉၆၁ခုနှစ် ယူဂိုဆလားဗီးယားနိုင်ငံ ဘဲလ်ဂရိတ် ဘက်မလိုက်လှုပ်ရှားမှု၊ ယင်းမှတစ်ဆင့်တက်၍ ၁၉၇၀ ပြည့်နှစ်တွင် ဇမ်ဘီယာနိုင်ငံ လူဆာကာမြို့တော်၌ ကျင်းပပြုလုပ်သော ဘက်မလိုက် အခြေခံမူကြီး (၆)ချက်အဖြစ် စသဖြင့်တစ်စတစ်စ အဆင့်ဆင့် တိုးတက်ဖြစ်ပေါ်ခဲ့သည်။**

**မြန်မာနိုင်ငံသည် ကမ္ဘာ့သမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုအစဉ်ကို အမြဲ သုံးသပ်၍ မိမိနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကို ချမှတ်လေ့ရှိသည်ဖြစ်ရာ ကနဦးက ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ဝင် နိုင်ငံဖြစ်သော်လည်း ၁၉၇၉ခုနှစ်တွင် အခြေအနေအရ အဖွဲ့ဝင်အဖြစ်မှ ခေတ္တနုတ်ထွက်ခဲ့လေသည်။ ၎င်းနောက် ယခင် နဝတ (ယခု နယက)လက်ထက် ၁-၉-၉၂ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာ၌ ကျင်းပခဲ့သော (၁၀)ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှု (NAM= Non-Aligned Movement) ၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လှုပ်ရှားခဲ့သည်။**

တကယ်ဆိုလျှင် NAM ၏လှုပ်ရှားမှုသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်အပေါ် မြဲမြံစွာရပ်တည်ထားသည်ဖြစ်၍ ယင်းကို နိုင်ငံရေး ပဋ္ဌသီ၊ နိုင်ငံခြားရေးဝါဒ၏ ငါးပါးသီလဟုပင် တင်စား၍ရသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်အတွင်း၌ နှစ်နိုင်ငံခေါင်းဆောင်ကြီးများသည် အဆိုပါ မူကြီး(၅)ချက်အပေါ် ခိုင်မြဲစွာ ရပ်တည်ဖော်ဆောင်သွားမည့် အနာဂတ်ကို ပြဋ္ဌာန်းခဲ့လေသည်။ ယင်းမူကြီး (၅)ချက်၏ ဦးတည်ရာသည် ဤဆောင်းပါး၏ ခေါင်းစဉ်ပါ Live and Let Live ဆောင်ပုဒ်ပင် ဖြစ်ပေသည်။

အမေရိကန်နိုင်ငံသည် ၁၉၉၁ခုနှစ် ဆိုဗီယက်ပြည်ထောင်စုကြီး မပြိုကွဲမီ စစ်အေးကာလတစ်လျှောက်လုံး Peaceful Co-existence ဟူသော မူကို အလေးထားခဲ့သည်။ အဘယ်ကြောင့်ဆိုလျှင် နှစ်နိုင်ငံလုံးသည် Nuclear Arsenal ဖြစ်နေသောကြောင့်ပင်၊ စစ်အင်အားအရာ၌ သူမသာ-ကိုယ်မသာ ဖြစ်နေ၍ မည်သူက အလစ်အငိုက် လက်ဦးစေဦးတော့ စအတိုက်ခံရသူသည် အတိုင်းအတာ တစ်ရပ်အထိ အရင်းအနှီးကိုတော့ ပေးလိုက်ရမည်ကား သေချာပေသည်။ သို့သော် ရုတ်ချည်းတန်ပြန်ထိုးနှက်မှုက လာမှာ သေချာသည်ဖြစ်၍ ကြက်ဥနှစ်လုံးထုသလို ထုသူလဲကွဲ ခံရသူလည်း ကွဲမည့်ကိန်းဆိုက်သော Suicidal Strategy ဖြစ်နေသောကြောင့်ပင်။ Check & Balance System က ၎င်းနှစ်နိုင်ငံ၏ နောက်လိုက်နောက်ပါ နိုင်ငံများနှင့်အတူ တစ်ဖက်က NAM လှုပ်ရှားမှုကလည်း ရှိနေ၍ ကမ္ဘာ့လုံခြုံရေးအခြေအနေ စိတ်အေးခဲ့ရသည်။

သို့သော် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားသည်မှစ၍ ငါနှင့်ငါသာ နိူင်းစရာဘဝ Super Power ဖြစ်သွားသည်မှစ၍ Uncle Sam ၏ နိုင်ငံခြားရေးဝါဒသရုပ်မှန်ဘဝ ပေါ်လာတော့သည်။ နောက်ဆုံး ချေ(ဂျီ) အီးဂျီလန့်ဆိုသလို Pre-emption လက်ဦးမှုရယူကာ မှားသည်မှန်သည်နောက်မှထား သဘောပိုက်၍ အရိပ်မည်းမည်းမြင်သည်နှင့် ရန်သူဟု သတ်မှတ်လာတော့သည်။ မြန်မာနိုင်ငံကဲ့သို့ အမျိုးသားရေး စရိုက်လက္ခဏာလွှမ်းသော နိုင်ငံများသည် မည်သူ့ကိုမှ တပည့်မခံ၊ မည်သူ့ကိုမှလည်း ဆရာကြီးမလုပ်ခဲ့ပေ။ Uncle Sam သည် မြန်မာနိုင်ငံ အပါအဝင် တပည့်မခံသော နိုင်ငံအစိုးရများ၊ ၎င်း၏ရုပ်သေးအစိုးရတို့ အာဏာမရသေးသော နိုင်ငံများ၏ ပြည်တွင်းရေးကို ဖြောင်ဝင်စွက်ဖက်သည်။ စစ်ရေးအရ အကြမ်းဖက်ဝင်တိုက်၍ရလျှင် တိုက်သည်။ မရသည့်အဆုံး Media Terrorism ကို လက်သုံးထား၍ နဖားကြိုးအထိုးခံများ မွေးပြီး နို့ညှစ်ယူသည်။

တကယ်ဆိုလျှင် လူသားအကျိုးပြု ရှုထောင့်တစ်ခုတည်းဖြင့်ပင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလုပ်လျှင် Uncle Sam အဖို့ နာယကဂုဏ်နှင့် ညီညွတ်၍ ကမ္ဘာ့ခေါင်းဆောင်မှုနေရာကို ရနိုင်ပေလိမ့်မည်။ လတ်တလော အခြေအနေကဲ့သို့ ကမ္ဘာ့ပုလိပ်ကြီးဆန်ဆန် အထီးကျန်ဘဝ ရောက်မည်

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

22-9 (05).p65 1 22.09.2004, 12:49 AM

# ကမ္ဘာ့ စက်မှုနှင့် ကုန်သွယ်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေး ပေကျင်း၌ဖွင့်လှစ် အာရှ-ပစိဖိတ်ဒေသ ကမ္ဘာ့ စီးပွားရေးကို ဦးဆောင်နိုင်ရန်အလားအလာကောင်း နည်းပညာများ ဖွံ့ဖြိုးမှုနှင့်အတူ စိုက်ပျိုးရေးမှ စက်မှုစီးပွားရေးသို့ ပြောင်းလဲနေ

ပေကျင်း စက်တင်ဘာ ၂၀

**အာရှ-ပစိဖိတ်ဒေသသည် ကမ္ဘာ့စီးပွားရေးကို ဦးဆောင်နိုင်ရန် အလားအလာကြီးမားစွာရှိနေသည်ဟု ကုလသမဂ္ဂတာဝန်ရှိသူတစ်ဦးက ကမ္ဘာ့စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးအဖွဲ့(ဝီကို)ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနား ကျင်းပရာ ပေကျင်းမြို့၌ တနင်္ဂနွေနေ့က ပြောကြားလိုက်သည်။**

နည်းပညာသစ်များ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အာရှ-ပစိဖိတ်ဒေသသည် စိုက်ပျိုးရေးကဏ္ဍတစ်ရပ်မှ စက်မှုစီးပွားရေး တစ်ရပ်ဆီသို့ ပြောင်းလဲနေပြီဖြစ်ကြောင်း ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် အာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ယူနက်စကက်) အမှုဆောင်အတွင်းရေးမှူး ကင်ဟတ်ခ်-ဆုကပြောကြားသည်။

**ဦးတည်လှုပ်ရှား**

ဒေသတွင်းရှိနိုင်ငံအချို့သည် လွန်ခဲ့သော ဆယ်စုနှစ်တွင် အာရှ-ပစိဖိတ်ဒေသကို အဓိကစီးပွားရေး နေရာတစ်ခုအဖြစ်လည်းကောင်း၊ စက်မှုပြုပြင်ပြောင်းလဲရေး အဓိကသော့ချက်တစ်ခုအဖြစ် လည်းကောင်း၊ ကမ္ဘာ့စီးပွားရေးတိုးတက်မှု၏ မောင်းနှင်စွမ်းအားတစ်ခုအဖြစ်လည်းကောင်း လုပ်ဆောင်နိုင်ခဲ့သည့် ပြန်ကြားရေး အခြေခံအဖွဲ့အစည်းတစ်ရပ်ဆီသို့ ဦးတည်လှုပ်ရှားခဲ့ကြောင်း ၎င်းကပြောကြားသည်။

သို့ရာတွင် ယင်းဒေသတွင် ကမ္ဘာ့ဆင်းရဲမှု လူဦးရေအများဆုံး နေထိုင်လျက်ရှိကြောင်း၊ အများစုမှာ စက်မှုဆိုင်ရာ တိုးတက်မှု အကျိုးအမြတ်မရဘဲ ဖြစ်နေကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများပင်ဖြစ်ကြောင်း ကင်က ပြောကြားသည်။

ယင်းဒေသတွင် လူမှုရေးပြဿနာများလည်းပေါ်ပေါက်နေကြောင်း၊ ၎င်းတို့မှာ အေအိုင်ဒီအက်စ်ရောဂါပျံ့နှံ့မှု၊ အလုပ်လက်မဲ့ဖြစ်ပေါ်မှုများပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကျင်းပလျက်ရှိသော ဝီကိုထိပ်သီးအစည်းအဝေးသည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲရေး၊ လူမှုရေး ပြဿနာ များဖြစ်ပေါ်မှုကို ကိုင်တွယ်ဖြေရှင်းရေးနှင့် ယူနက်စကက်၏ လုပ်ငန်းစဉ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယင်းထိပ်သီးအစည်းအဝေးသည် စက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်နွှယ်သော ကိစ္စရပ်များကို စစ်ဆေးရန်လည်းကောင်း၊ ကမ္ဘာ့စက်မှုနှင့် ကုန်သွယ်ရေးစနစ်အောက်တွင် အပြန်အလှန်တိုးမြှင့်ရန်အတွက်လည်းကောင်း အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်စေလိမ့်မည်ဟု ကင်ကပြောကြားသည်။

**လုပ်ဆောင်နိုင်လိမ့်မည်**

ယူနက်စကက်သည် အာရှ-ပစိဖိတ်စက်မှုနှင့်စီးပွားရေးလုပ်ငန်းများနှင့်အတူ ပြဿနာများဖြေရှင်းရန်နှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုဆောင်ရွက်ရန် လုပ်ဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း မျှော်လင့်ရသည်ဟု ကင်ကပြောကြားသည်။

ယူနက်စကက်ကို ၁၉၄၇ ခုနှစ်တွင် ရှန်ဟိုင်း၌ တည်ထောင်ခဲ့ပြီး ၁၉၄၉ ခုနှစ်တွင် ဗန်ကောက်သို့ပြောင်းရွှေ့ခဲ့သည်။ ယင်းအဖွဲ့အစည်းသည် ယခုလောလောဆယ်တွင် အသင်းဝင်နှင့် အဖွဲ့ဝင် ၆၂ ခုရှိသည်။၎င်းသည် ဒေသဆိုင်ရာ အကြီးမားဆုံးသော အဖွဲ့ကြီးဖြစ်ပြီး အာရှ-ပစိဖိတ်ဒေသ ကုလသမဂ္ဂ၏ ဒေသဆိုင်ရာ အဖွဲ့ကြီးလည်း ဖြစ်သည်။ ယူနက်စကက်သည် အရေးကြီးသော နည်းပညာကဏ္ဍ တစ်ရပ်နှင့် စက်မှုလုပ်ငန်းတိုးတက်ရေးနှင့် ကုန်သွယ်မှု အဆင်ပြေစေရေးတို့အတွက် လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**



**ထိုင်းနိုင်ငံ ဗန်ကောက်မြို့လယ်၌ စီးပွားရေးဆိုင်ရာ အဆောက်အအုံတစ်ခုကို ထိုင်းအလုပ်သမားများက တည်ဆောက်နေကြစဉ်။** (ထိုင်းနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာပြီ ဖြစ်ကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

# အာရှနိုင်ငံများကို စွမ်းအင်လုံလောက်စွာ အထောက်အပံ့ပေးရန် ထိုင်းက တရုတ်နှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မည်

ဗန်ကောက် စက်တင်ဘာ ၂၀

**တရုတ်နိုင်ငံသို့ နိုဝင်ဘာလတွင် အလည်အပတ်ခရီးသွားရောက်သည့်အခါ ထိုင်းနိုင်ငံ၏ 'လင်းဘရစ်ချ်' စီမံကိန်းတွင် တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုများပေးရန် မျှော်လင့်ကြောင်း ထိုင်းစွမ်းအင်ဝန်ကြီး ပရိုမင်လက်ဆူရီဒက်က ပြောကြားသည်။**

ထိုင်းနိုင်ငံတောင်ပိုင်းတွင် တည်ဆောက်မည့် အဆိုပါ လင်းဘရစ်ချ် စီမံကိန်းသည် အာရှ နိုင်ငံများအတွက် စွမ်းအင်လုံလောက်စွာ အထောက်အပံ့ပေးရာ၌ ကူညီနိုင်မည်ဖြစ်ကြောင်း ထိုင်းသတင်းဌာနက တနင်္ဂနွေနေ့တွင် သတင်းထုတ်ပြန်သည်။

ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီး လက်ဆူရီဒက်၏ တရုတ်ခရီးစဉ်သည် အဆို ပါ စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးရန် တရုတ်အစိုးရ၏ ဖိတ်ခေါ်မှုကြောင့် တရုတ်နိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်ဖြစ်သည်။

လင်းဘရစ်ချ် စီမံကိန်းတည်ဆောက်ရေး လုပ်ငန်းများကို လာမည့် ၂၀၀၆ ခုနှစ်တွင် စတင်ဆောင်ရွက်ပြီး ၂၀၁၀ ပြည့်နှစ်၌ အပြီးသတ်ပြီးစီးရန် စီစဉ်ထားသည်။ ယင်းစီမံကိန်းတွင် ပင်နာပြည်နယ်နှင့် နက်ဟွန်ဆီ သမ်မာရက်ပြည်နယ်အကြား ရေနံပိုက်လိုင်းတစ်ခု တည်ဆောက်ရေးလည်း ပါဝင်သည်။

ယင်းစီမံကိန်းကို ရင်းနှီးမြှုပ်နှံမှုငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ကုန်ကျမည် ဖြစ်ကြောင်းလည်း မျှော်မှန်းထားသည်။ လင်းဘရစ်ချ် စီမံကိန်းတွင် ရေနံသိုလှောင်ရုံ တစ်ခုနှင့် တစ်နေ့လျှင် ရေနံစည် ၃၀၀၀၀၀ ကျော် ထုတ်လုပ်ပေးနိုင်သည့် ရေနံသန့်စင်စက်ရုံ တစ်ခုလည်း တည်ဆောက်ရေးစီမံကိန်း၌ ပါဝင်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တိဗက်သို့ခရီးသည်များ ပိုမိုလာရောက်လည်ပတ်

**လာဆာ စက်တင်ဘာ ၂၀**

တရုတ်ပြည်အနောက်တောင်ပိုင်း တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသသည် ယဉ်ကျေးမှုနှင့် သာယာလှပသောရေ၊ မြေ၊ တောတောင် ရှုခင်းများဖြင့် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်လျက်ရှိရာ ပြည်တွင်း၊ ပြည်ပမှပါ ခရီးသည်များ တိုးတက်လာရောက်လျက်ရှိသည်။

ယခုနှစ် ပထမရှစ်လတာကာလအတွင်း ပြည်တွင်းနှင့်ပြည်ပမှ ခရီးသည်ပေါင်း ၈၇၀၀၀၀ လာရောက်ခဲ့ရာ စံချိန်တင်ခဲ့သည်။ လွန်ခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းဆလျှင် ၉၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းအုပ်ချုပ်ရေး အဖွဲ့က ဖော်ပြထားသည်။

တိဗက်ဒေသသို့ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဂျာမနီ၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသည် ၆၀၀၀၀ နှင့် တရုတ်ပြည် တစ်ဝန်းမှဖြစ်သော ခရီးသည် ၈၁၀၀၀၀ လာရောက်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ယခုနှစ် ရှစ်လတာကာလအတွင်း ခရီးသွားလုပ်ငန်းမှ ယွမ်သန်း ၈၀၀ (အမေရိကန်ဒေါ်လာ ၉၆ ဒသမ ၇၃ သန်းခန့်)အထိ ရရှိခဲ့ရာ လွန်ခဲ့သည့်နှစ် အလားတူကာလကထက် ၉၃ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခြင်းဖြစ်ကြောင်း၊ အဆိုပါဝင်ငွေတွင် နိုင်ငံခြားငွေလဲလှယ်မှု အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၆၈ သန်း ပါဝင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

# ကုလလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ဖြစ်ရန် အိန္ဒိယကြိုးပမ်းသွားမည်

**နယူးဒေလီ စက်တင်ဘာ ၂၀**

အိန္ဒိယနိုင်ငံသည် ကုလသမဂ္ဂအထွေထွေညီလာခံတွင် နိုင်ငံတကာ၏ ထောက်ခံမှုကို ရရှိထားပြီးဖြစ်သောကြောင့် ကုလသမဂ္ဂ၏ လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်ဖြစ်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည်ဟု အိန္ဒိယဝန်ကြီးချုပ်ဆင်းက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဆင်းသည် ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်ရန်အတွက် အမေရိကန်နိုင်ငံသို့ မထွက်ခွာမီ ပြောကြားရာတွင် အိန္ဒိယအစိုးရသည် စီးပွားရေးအပြန်အလှန် အကျိုးဖြစ်ထွန်းမှုအတွက် အခွင့်အရေးများ ဖြစ်ပေါ်လာစေရန်အတွက် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သွားရန် ဆုံးဖြတ်ထားကြောင်း ပြောကြားသွားသည်။

အမေရိကန်သမ္မတဘုရှ်နှင့် ဆွေးနွေးစဉ်အတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် အဓိကထားဆွေးနွေးသွားမည်ဖြစ်သည်။ အမေရိကန်သို့အသွား လန်ဒန်တွင် ခရီးတစ်ထောက်နားစဉ် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲနှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်ဟု ၎င်းကဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**ကမ္ဘာ့ဒုတိယအကြီးမားဆုံး စီးပွားရေးနိုင်ငံဖြစ်သော ဂျပန်နိုင်ငံ၏ စက်မှုလုပ်ငန်းသည် ပြန်လည်ကောင်းမွန်လာမည်ဟု ကြိုတင်ခန့်မှန်းထားသည်။** (အောက်ပုံမှာ တိုကျိုမြို့ဆိပ်ကမ်း၌ ပို့ကုန်များတင်ဆောင်ထားသော သင်္ဘောတစ်စင်းကို တွေ့ရစဉ်။) (ဓာတ်ပုံ-အင်တာနက်)



# ကမ္ဘောဒီးယား အာမခံကုမ္ပဏီနှင့် ပြင်သစ်ကုမ္ပဏီ ပူးပေါင်းလုပ်ဆောင်မည်

**ဖနွမ်းပင် စက်တင်ဘာ ၂၀**

ပြင်သစ်နိုင်ငံ၏ အကြီးမားဆုံးအာမခံကုမ္ပဏီဖြစ်သော မာဆစ်ဖ်သည် ကမ္ဘောဒီးယားနိုင်ငံ၏ အာမခံလုပ်ငန်းတွင် ပူးပေါင်းလုပ်ကိုင်တော့မည်ဖြစ်ရာ ကမ္ဘောဒီးယားနိုင်ငံမှ အသေးစား အာမခံလုပ်ငန်းကုမ္ပဏီသည် မာဆစ်ဖ်ကုမ္ပဏီနှင့် ပိုမိုယှဉ်ပြိုင်လုပ်ကိုင်ကြရမည်ဖြစ်သည်။

မာဆစ်ဖ်ကုမ္ပဏီသည် ကမ္ဘောဒီးယားနိုင်ငံ၏ ဘဏ္ဍာရေး အခြေအနေ အကျပ်တွေ့နေသော အင်ဒိုချိုင်း အာမခံ ကုမ္ပဏီ၌ ရင်းနှီးမြှုပ်နှံငွေ ဒေါ်လာခြောက်သန်း ထည့်ဝင်လုပ်ကိုင်မည်ဖြစ်ကြောင်း လူထုဆက်သွယ်ရေးက စနေနေ့၌ သတင်းဖော်ပြသည်။

မာဆစ်ဖ်ကုမ္ပဏီ၏ ပူးပေါင်းလုပ်ကိုင်မှုသည် ကမ္ဘောဒီးယား အာမခံလုပ်ငန်းဈေးကွက်ကို အကြီးအကျယ် ထိခိုက်စေမည် မထင်ကြောင်း အာမခံလုပ်ငန်းသတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။

မာဆစ်ဖ်ကုမ္ပဏီ၌ ပိုင်ဆိုင်မှုငွေကြေးတန်ဖိုး ဒေါ်လာ ၁၅ ဘီလီယံကျော်ရှိပြီး အင်ဒိုချိုင်းအာမခံကုမ္ပဏီ ၌ ၅၀ ရာခိုင်နှုန်းခန့်ပိုင်ဆိုင်မည်ဖြစ်သည်။ ထို့ပြင် အင်ဒိုချိုင်းအာမခံ ကုမ္ပဏီအမည်ကိုလည်း မာဆစ်ဖ် (ကမ္ဘောဒီးယား)ဟု ပြန်လည်ပြင်ဆင် မှည့်ခေါ်မည်ဖြစ်ကာ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ၌ ဖွင့်ပွဲကျင်းပမည်ဖြစ်သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

# အိန္ဒိယတပ်မတော်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး ရွှေတိဂုံစေတီဖူးမြော်ကြည်ညို၊ ရန်ကုန်မြို့တွင်းလှည့်လည်လေ့လာ

ရန်ကုန် စက်တင်ဘာ ၂၁

**မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး Lieutenant General, JS Varma PVSM, AVSM, ADC နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှစစ်သံမှူး Colonel Jasvinder Singh Chopra နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တွင်းသို့ လှည့်လည်ကြည့်ရှုလေ့လာကြသည်။**

## ရှင်းလင်းပြောကြား

ရှေးဦးစွာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နံနက် ၇နာရီ ၁၅ မိနစ်တွင် ရွှေတိဂုံစေတီတော်သို့ရောက်ရှိကြရာ စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများကကြိုဆိုကြပြီး စေတီတော်သမိုင်းနှင့်သာသနိကအဆောက်အအုံများအကြောင်းကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စေတီတော်တောင်ဘက်မုခ်အနီးရှိ ဧည့်ခံတန်ဆောင်း၌ ပန်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ထွန်းညှိကပ်လှူ ပူဇော်ကြသည်။

## ဖူးမြော်ကြည်ညို

ဆက်လက်၍ အိန္ဒိယတပ်မတော် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီးတို့သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး အလှူငွေများလှူဒါန်းကာ စေတီတော်ကို လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဇဖားရ်ရှား ဂူဗိမာန်ကို သွားရောက်၍ ဂါရဝပြုကြသည်။

ထို့နောက် အိန္ဒိယတပ်မတော် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်ကို သွားရောက်ကြည့်ရှု လေ့လာကြရာ ကာကွယ်ရေးဝန်ကြီးဌာန စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူးရုံးမှ ဗိုလ်မှူးကျော်ကျော်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြခန်းများအလိုက် လှည့်လည်ရှင်းလင်း ပြသသည်။ **(သတင်းစဉ်)**

**မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး Lieutenant General, JS Varma PVSM, AVSM, ADC ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။**
**(သတင်းစဉ်)**





# အိန္ဒိယတပ်မတော်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီးနှင့်အဖွဲ့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်ယဉ်ကျေးမှုတက္ကသိုလ်လေ့လာ

ရန်ကုန် စက်တင်ဘာ ၂၁

**မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး Mrs. Meera Varma သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ သွားရောက်လေ့လာကြသည်။** (အောက်ဝဲပုံ)

ဧည့်သည်တော် တိုင်းမှူး၏ ဇနီးနှင့် အဖွဲ့ဝင်များအား အသင်းအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက အသင်း၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် အသင်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဧည့်သည်တော် တိုင်းမှူး၏ဇနီး Mrs. Meera Varma တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး ဧည့်သည်တော် တိုင်းမှူး၏ဇနီးက အသင်း၏ ဧည့်သည်တော်မှတ်တမ်းတွင် မှတ်တမ်းတင် လက်မှတ် ရေးထိုးသည်။

ယင်းနောက် ဧည့်သည်တော် တိုင်းမှူး၏ဇနီးနှင့်အဖွဲ့သည် ခန်းမအတွင်းရှိ အသင်း၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှု လေ့လာကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် တိုင်းမှူး၏ဇနီး Mrs. Meera Varma နှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၂၆) ရပ်ကွက် အောင်ဇေယျလမ်းရှိ ယဉ်ကျေးမှုတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဦးတင်စိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဦးတင်စိုးက ယဉ်ကျေးမှုတက္ကသိုလ်အကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

## ရှင်းလင်းပြသ

ထို့နောက် ဧည့်သည်တော် တိုင်းမှူး၏ဇနီးနှင့် အဖွဲ့သည် ပန်းချီ၊ ပန်းပုပြခန်းအတွင်းရှိ ကျောင်းသားကျောင်းသူများ၏ ကျောင်းဆင်း ပန်းချီ ပန်းပုလက်ရာများကို ကြည့်ရှုလေ့လာကြရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်း ပြသကြသည်။

ဆက်လက်၍ ပန်းချီဌာနမှ ဆရာများက ဧည့်သည်တော် တိုင်းမှူး၏ ဇနီးနှင့်အဖွဲ့၏ ပုံတူပန်းချီလက်ရာများကို လျှပ်တစ်ပြက်ရေးဆွဲကြပြီး အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်ကြသည်။

ယင်းနောက် ဧည့်သည်တော် တိုင်းမှူး၏ ဇနီးနှင့်အဖွဲ့သည် ဂီတပညာဌာနရှိ မြန်မာ့ရိုးရာ ဆိုင်းဝိုင်း၊ ပတ္တလား၊ စောင်း၊ တယောတို့ဖြင့် တီးခတ်၍ မြန်မာ့ရိုးရာ တေးသီချင်း၊ ကြိုးဆွဲရုပ်သေးအကတို့ဖြင့် ဖျော်ဖြေနေမှုတို့ကို ကြည့်ရှုလေ့လာကြပြီး ပါမောက္ခချုပ် ဦးတင်စိုးက ဧည့်သည်တော်တိုင်းမှူး၏ဇနီး နှင့်အဖွဲ့အား မြန်မာ့လက်ရာကျောက်စီ ပန်းချီကားကို အမှတ်တရပေးအပ်ပြီး ဧည့်သည်တော် တိုင်းမှူး၏ဇနီး Mrs. Meera Varma က ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ ဧည့်သည်တော် အဖွဲ့သည် ယဉ်ကျေးမှုတက္ကသိုလ်မှ နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**



**စာမျက်နှာ ၅ ဆောင်းပါးမှအဆက်**

မဟုတ်ပေ။ အမွေခံပတ်ဝန်းကျင်ကောင်းကို ပေးမည့်မိဘကို သားသမီးများက ဆက်ဆံသလို ဝိုင်းဝိုင်းလည် နေပေလိမ့်မည်။

Live and Let Die ဟူသော 'ငါ' တေကတော့ မာ၊ ကျန် မသာ၊ ဘယ်သူတွေ ဘာဖြစ်ဖြစ်ဟူသော နိုင်ငံခြားရေးဝါဒ၊ ငါ့နိုင်ငံချမ်းသာရင်ပြီးရော၊ ငါ့စစ်လက်နက်ပစ္စည်းများ တွင်တွင်ကျယ်ကျယ် ရောင်းရမှ ငါချမ်းသာမည်။ ဒီကောင်–ဒီကောင်တွေ အုပ်စုဖွဲ့၊ မတည့်မှ၊ ငါ့ကို မြားဦးပြန်လှည့်စိန်ခေါ်မယ့် ညီညွတ်ရေးတပ်ဦးတစ်ရပ် United Front တစ်ခုမဖွဲ့နိုင်မှ၊ တစ်နည်းအားဖြင့် Live and Let Die Policy ကျင့်သုံးမှဖြစ်မည်ဟု ခံယူနေခြင်းဖြစ်သည်။ ထို့ကြောင့် အကြမ်းဖက်ဝါဒစစ်ပွဲကို အကြောင်းပြု၍ ကိုယ်တိုင်က အကြမ်းဖက်ဝါဒီအဖြစ်သို့ ပြန်ရောက်မှန်းမသိ ရောက်ရှိနေပြီး အပြစ်မဲ့သော ကမ္ဘာ့ပြည်သူများကို နေ့စဉ်နှင့်အမျှ သေတွင်းသို့ ပို့နေခြင်းဖြစ်သည်။

အချုပ်ဆိုရလျှင် အမေရိကန်၏ အဂ္ဂမဟာဗျူဟာ (Grand strategy) ဖြစ်သော New World Order သည် ပုံခိုင်းနှိုင်းရလျှင် အကြမ်းဖက်သမားရေးဆွဲသည့် 'အကြမ်းဖက်မှု တိုက်ဖျက်ရေးစီမံကိန်း' လို ဖြစ်နေပေတော့သည်။ ဤစီမံကိန်းမျိုးနှင့်ဆိုလျှင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ဘယ်ပုံစံနှင့် သွတ်သွင်းသွတ်သွင်း အဝိုင်းထဲ လေးထောင့်ထည့်နေသလိုသာ ဖြစ်နေပေလိမ့်မည်။ ဒီမိုကရေစီ လူ့အခွင့်အရေးနှင့် ကုလသမဂ္ဂပဋိညာဉ်ပါ နှုန်းစံများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေများသည် Uncle Sam ၏လုပ်ရပ်များနှင့် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေပေသည်။

တကယ်တမ်းဆိုရလျှင် ၂၀၀၃ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင် UN Reforms ခေါ် ကမ္ဘာ့ကုလသမဂ္ဂအတွင်း ပြုပြင်ပြောင်းလဲခြင်းများ ပြုလုပ်ရန် နိုင်ငံအတော်များများက လှုပ်ရှားခဲ့ကြခြင်းသည် ကုလသမဂ္ဂအား အမေရိကန်က အသိအမှတ်မပြု ပစ်ပယ်ဘေးချိတ်သည့် လုပ်ရပ်များကြောင့် ကမ္ဘာ့လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တိုင်းပြည် နိုင်ငံအသီးသီး၏ The Right to Self Determination ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေးဟူသော ပြဋ္ဌာန်းချက်အတွက် တိုးတက်သော ကမ္ဘာ့အင်အားစုများ၏ ခြေလှမ်းပင်ဖြစ်သည်။ ၂၀၀၃ခုနှစ်က ပြင်းထန်စွာရိုက်ခတ်ခဲ့သော ဤဂယက်သည် ယခုနှစ်အကုန်၌လည်း အလားတူ အဆင့်မြင့်တောင်းဆိုလာဖွယ် ရှိပေသည်။

သို့ဖြစ်ရာ အောက်ပါအခြေခံမူကြီး(၅)ချက်သည် နိုင်ငံတကာဆက်ဆံရေးတွင် ကမ္ဘာ့နိုင်ငံများအားလုံးက လက်ခံတန်ဖိုးထား ကျင့်သုံးအပ်သော နိုင်ငံခြားရေး ဝါဒ၏ ဥပဒေသကြီးများဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

**၁။ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်နက်ကို တစ်နိုင်ငံက လေးစားရေး။**
**၂။ တစ်နိုင်ငံက နိုင်ငံတစ်နိုင်ငံအား ရန်စကျူးကျော်မှု မပြုရေး။**
**၃။ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်မှု မပြုရေး။**
**၄။ နိုင်ငံအချင်းချင်း ကြီးငယ်မဟူ တန်းတူရည်တူဆက်ဆံရေး။**
**၅။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး။**

အဆိုပါ အခြေခံမူကြီး(၅)ချက်ဖြင့် Live and Let Live ဟူသော **ကိုယ်လည်း ရှင်သန်နေ၊ သူတစ်ပါးလည်း ရှင်သန်စေ** ဟူသော သဘောထားဖြင့် အပြန်အလှန် ဆက်ဆံကြလျှင် ဤကမ္ဘာကြီးသည် နေချင့်စဖွယ် ငြိမ်းချမ်းသော ဖွံ့ဖြိုးတိုးတက်သော လူသားအကျိုးပြုဝါဒ ရှေ့တန်းတင် ကမ္ဘာကြီးဖြစ်လာပေလိမ့်မည်။

**အင်အားကြီးမားသော ကမ္ဘာ့နိုင်ငံကြီးများက စိတ်စေတနာ ဖြူစင်မှန်ကန်စွာဖြင့်၊ စာနာစိတ်ထားဖြင့် နိုင်ငံငယ်များကို လက်တွဲခေါ်ဆောင်လျှင် ၎င်းနိုင်ငံကြီးများသည် ကမ္ဘာ့ရှေ့ဆောင်ခေါင်းဆောင်များဘဝ၌ မုချမသွေ ရပ်တည်နိုင်ကြပေလိမ့်မည်။**

သို့တည်းမဟုတ်၊ Live and Let Die ဟူသော မူဝါဒကိုင်စွဲပြီး ဘယ်သူသေသေ ငတေမာပြီးရောဆိုလျှင်တော့ ၎င်းငတေလည်း ဘဝနေဝင်ချိန်ရောက်ရမည်သာဖြစ်ကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၂၂–၉–၂၀၀၄ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Commercial Law (ဥပဒေပညာအထူးပြု–တတိယနှစ်)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
၆:၄၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မဆုတ်မနစ်"**(အပိုင်း–၁၃)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား"** (ဒုတိယတွဲ) (အပိုင်း–၁၆)
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား

# ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့






**စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး**

**မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း အင်းစိန်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)**

## ✳ ကျောဖုံးမှ

ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် အင်းစိန်မြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ကျောင်းသားကျောင်းသူလေးများ တက်ရောက်ကြသည်။

## ကြိုဆို

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား အင်းစိန်မြို့နယ်အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ဘင်ခရာအဖွဲ့၊ တယောအဖွဲ့တို့နှင့်တွဲဖက်၍**"မြန်မာ့ကျောင်း"**သီချင်းကိုသီဆို၍လည်းကောင်း၊ ပန်းဖွားအဖွဲ့နှင့်အေရိုးဗစ်အဖွဲ့တို့က သရုပ်ပြ၍လည်းကောင်း ကြိုဆိုကြသည်။

ယင်းနောက် ကျောင်းသူလေးများဖြစ်ကြသည့် မအေးမင်းသန်းနှင့် မမေမြတ်နွယ်တို့က အခမ်းအနားအစီအစဉ်များကို ဖတ်ကြားတင်ပြပြီး အခမ်းအနားဖွင့်လှစ်ကြောင်းကြေညာသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆန်းမြင့်တို့က ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

## ကြည့်ရှုအားပေး

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း၊ တိုင်းမှူး၊ ဝန်ကြီးများ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ဧည့်သည်တော်များသည် ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများဖြစ်သည့် Language Lab(1)၊ Computer Aided Instruction Room၊ Computer Application Room၊ Electronic Media (Audio System)၊ Printed Media (Reading Corner)၊ Electronic Media(Video System)၊ အိမ်တွင်းမှုသိပ္ပံခန်း(Domestic Science)နှင့် ရသခန်း(ပန်းချီ)တို့၌ ဆရာ ဆရာမများ၏ သင်ကြားပို့ချနေမှုနှင့် ကျောင်းသား ကျောင်းသူလေးများ၏ လေ့ကျင့်သင်ယူနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနား အစီအစဉ်များကို အဆိုပါကျောင်း အောင်ဆန်းခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းသူလေးများဖြစ်ကြသည့် မမေမီလင်းနှင့် မအေးသီရိမွန်တို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

## ဖျော်ဖြေတင်ဆက်

ရှေးဦးစွာ ကျောင်းသူ မကေဇင်ချစ်စုက ပတ္တလားတီးခတ်၍ ကျောင်းသားမောင်နေထက်ဦးက **'တိမ်တမန်'** သီချင်းဖြင့်လည်းကောင်း၊ ကျောင်းသူ မသင်းချိုမော်က **'စည်းကမ်း'** သီချင်းကို သီဆို၍ ကျောင်းသူ မမိုးမြင့်မြင့်သူက အကဖြင့်လည်းကောင်း၊ ကျောင်းသား ကျောင်းသူလေးများက အိုးစည်ဗိုင်းတိုင်းရင်းသားအကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးတင်စောက ပညာရေးမြှင့်တင်မှုအစီအစဉ်အရ ပညာရေးအထောက် အကူပြု စာသင်ခန်းများ တိုးချဲ့ တပ်ဆင်ဆောင်ရွက်ခဲ့မှုနှင့် ပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းများကို




**မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း အင်းစိန်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲတွင် အလှူငွေများကို ကျောင်းအုပ်ဆရာကြီး ဦးတင်စောထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

အသုံးပြု၍ ကျောင်းသား ကျောင်းသူများအား အပြည့်အဝ အသုံးပြုသင်ကြားသွားမည့်အစီအစဉ်များကိုလည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆန်းမြင့်က မာလ်တီမီဒီယာ အီလက်ထရွန်နစ်ပစ္စည်းများ တိုးချဲ့တပ်ဆင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အလှူငွေပေးအပ်ခြင်း အစီအစဉ်ကိုကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အလှူငွေများကို ကျောင်းအုပ်ဆရာကြီး ဦးတင်စောအား ပေးအပ်သည်။

## ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်

ဆက်လက်၍ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ငွေကျပ်၄၅သိန်း၊ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ငွေကျပ် ၁၇သိန်း၊ အင်းစိန်မြို့နယ် စဉ့်ကူရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သုံးသိန်း၊ အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဒေါ်သန်းနု (ဒေါ်နုမိသားစု အလှူမင်္ဂလာပစ္စည်း အငှားဌာန)၊ ဦးတင်ဝင်း-ဒေါ်ညွန့်ညွန့်ဝေ(အုတ်၊ သဲ၊ ကျောက် ရောင်းဝယ်ရေး၊ တည်းကုန်း)တို့က ငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်ရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်ကလည်းကောင်း၊ ဦးအေးကြိုင်-ဒေါ်ချယ်ရီမြင့်(ပဒုမ္မာခရီးသည် ပို့ဆောင်ရေး)၊ ဦးမြင့်သိန်း- ဒေါ်စန်းစန်း(ဆောက်လုပ်ရေးလုပ်ငန်း၊ တည်းကုန်း)နှင့် ဦးအောင်ဝင်း(ဦးကြူဂျုံစက်၊ ဖော့ကန်)တို့က ငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်ရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်ကလည်းကောင်း၊ ဦးမင်းအောင်(ပလတ်စတစ်စက်ရုံ၊ ဖော့ကန်)၊ ဦးမြင့်ဦး(ပဒေသာစတိုး၊ ဖော့ကန်)နှင့် ဦးမောင်မောင်ဦး (အောင်ဆောက်လုပ်ရေး၊ ဖော့ကန်)တို့က ငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လည်းကောင်း၊ ဦးအောင်ထွေးခိုင်-ဒေါ်ဝါဝါကြိုင်(ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေး)၊ ဦးတင်ဝင်း-ဒေါ်အုန်းသန်းမိသားစု (စဉ့်ကူရပ်ကွက်)နှင့် ဦးယဉ်ထွေး-ဒေါ် မြင့်မြင့်သန်းတို့က ငွေကျပ်ငါးသောင်းစီတို့ကို ပေးအပ်ကြရာ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က လည်းကောင်း အသီးသီးလက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က ကျေးဇူးတင်စကားပြောကြားရာ၌ ယနေ့ခေတ် Electronic နည်းပညာများကို သင်ကြားမှု၊ သင်ယူမှုလုပ်ငန်းစဉ်များတွင် ထိရောက်စွာ အသုံးပြုတော့မည်ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူလေးများ၏ ပညာရည်တို့သည် တိုးတက်မြင့်မားလာတော့မည်ဖြစ်ကြောင်း။

## အောင်မြင်မှုများ

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပညာရည် မြင့်မားရေးအတွက် တောင်ပေါ်ဒေသ၊ ဝေးလံဒေသများပါမကျန် မြို့ပြနှင့် ကျေးလက်မခွဲခြားဘဲ ပညာရည်မြင့်မားရေးဆောင်ရွက်ခဲ့ရာ ယခုအခါ မိဘပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် လက်တွေ့ကျကျ အောင်မြင်မှုများ ရရှိခဲ့ပြီဖြစ်ကြောင်း။

သင်ယူမှုအခွင့်အလမ်းများ အပြည့်ရရှိရေး၊ ပညာရည်မြင့်မားတိုးတက်ရေး၊ ခက်ဖြာပညာရေးစနစ်ဖြစ်ပေါ်ရေးစသည့် နယ်ပယ်သုံးခုလုံး၌ တိုးတက်အောင်မြင်မှုများရလျက်ရှိကြောင်းဖြင့် ပညာရေးစနစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြီး သက်ဆိုင်ရာ အလှူရှင်များအား ကျေးဇူးတင်ရှိကြောင်း ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့သည် အင်းစိန်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ပြန်လည်ထွက်ခွာကြရာ ကျောင်းသား ကျောင်းသူလေးများက **'ဓာတိမာန်'** သီချင်းကိုသီဆို၍ နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အင်းစိန်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲတွင် ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ **(သတင်းစဉ်)**

# အလိုတော်ပြည့် ၁၀ ရက် ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရှေ့ညောင်လမ်းရှိ အောင်မြေဗောဓိမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ၁၃၆၆ခုနှစ် တော်သလင်းလပြည့်နေ့မှ တော်သလင်းလပြည့်ကျော်၁၀ရက် (စက်တင်ဘာ ၂၈ရက်မှ အောက်တိုဘာ ၈ရက်)အထိ ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပုဂံ-ညောင်ဦး နယ်စပ်ဒေသ ပြည်တွင်းပြည်ပသာသနာပြု ဘဒ္ဒန္တ အရိယဝံသ အလိုတော်ပြည့်ဆရာတော်ကြီးနှင့် ဆရာတော်ကြီး၏တပည့် သန်လျင်ဆရာတော် ကျိုက်ဒေးယျုံအရှင်ဥတ္တရ(ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက) အလိုတော်ပြည့် ကမ္မဋ္ဌာနာစရိယ အရှင်သောဘနတို့က သတိပဋ္ဌာန်အလုပ်ပေး တရားတော်တို့ကို ဟောကြားပြသမည် ဖြစ်သည်။

တရားစခန်းဝင်ရောက်လိုကြသော ယောဂီများအနေဖြင့် စက်တင်ဘာ ၂၈ရက် ညနေ ၅နာရီတွင် အလိုတော်ပြည့် ကျောင်းတိုက်သို့လာရောက်ကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းနိုင်ရန် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း- ၀၁-၅၄၅၃၃၇၊ ၀၉-၈၀-၃၀၆၆၆နှင့် ၀၉-၅၀-၁၄၅၀၀တို့သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေး ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေးဆပ်ကော်မတီ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ **(သတင်းစဉ်)**



# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ဆေးဝါးနှင့်ငွေပဒေသာပင်စိုက်ထူလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၁

**၂၀၀၄ခုနှစ် အောက်တိုဘာ ၁ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပရာ ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးကော်မတီနာယက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရ စိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အလှူရှင်များ၊ အဘိုး၊ အဘွားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန် တော့၍ ဖွင့်လှစ်ပြီး ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို များနေ့ ကျင်းပရေးကော်မတီ နာယက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အပြည် ပြည်ဆိုင်ရာ သက်ကြီး ရွယ်အိုများနေ့ ကျင်းပရခြင်း၊ ငွေပဒေသာပင် စိုက်ထူ လှူဒါန်းခြင်း၊ ဆေးဝါးများ လှူဒါန်း ခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်း အမှတ်အဖြစ် ကျင်းပရေးလုပ်ငန်း ကော်မတီက လှူဒါန်းသော ငွေပဒေ သာပင် ငွေကျပ်နှစ်သိန်းကို ကျင်းပရေး ကော်မတီ နာယက ဝန်ကြီး ဗိုလ်ချုပ် စိန်ထွားက ပေးအပ်လှူဒါန်းရာ နှင်းဆီ ကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)က လည်းကောင်း၊ အလှူရှင်များ လှူဒါန်းထားသော ဆေး ဝါးများကို အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်းက ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်က လည်းကောင်း လက်ခံကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ် စိန်ထွားက နှင်းဆီကုန်းဘိုးဘွား ရိပ်သာ၌ ပြုစုစောင့်ရှောက်မှု ခံယူ လျက်ရှိသော အသက် ၁၀၄နှစ်ရှိ အဘိုးဦးသာဂေါင် **(အောက်ပုံ)** နှင့် အသက် ၁၀၃နှစ်ရှိ အဘွားဒေါ်အေးမေ တို့အား အလှူငွေနှင့် ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ အဘိုးနှင့် အဘွား တို့က ဆုတောင်းမေတ္တာပို့သကြသည်။

**ဆုချီးမြှင့်**

ထို့နောက် ၂၀၀၄ ခုနှစ် အပြည် ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြိုလှုပ်ရှားမှုအဖြစ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာမှ အဘိုးအဘွားများ၏ "အို ကံကောင်းစွ၊ ဒို့ဘဝ" ခေါင်းစဉ် ဖြင့် ပြုလုပ်သည့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော အဘိုးအဘွားများအား ဆုများချီးမြှင့်ရာ ပထမဆုရ အသက် ၇၆ နှစ်ရှိ အဘိုး ဦးညွန့်၊ ဒုတိယဆုရ အသက် ၇၁ နှစ်ရှိ အဘွား ဒေါ်မြမြနှင့် တတိယဆုရ အသက် ၇၂နှစ်ရှိ အဘိုး ဦးမောင်မောင်ဆန်းတို့အား အုပ်ချုပ်ရေး အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းက လည်းကောင်း၊ အထူးဆုရရှိကြသော အသက် ၈၅ နှစ်ရှိ အဘိုး ဦးမြသွင်၊ အသက် ၈၃နှစ်ရှိ အဘိုး ဦးထွန်း တင်(၁)၊ အသက် ၈၃ နှစ်ရှိ အဘိုး ဦးလှတင်(၂)၊ အသက်၈၀နှစ်ရှိ အဘွား ဒေါ်လီလီနှင့် အသက် ၇၃နှစ်ရှိ အဘွား ဒေါ်ခင်ခင်စိန်တို့အား အုပ်ချုပ်ရေး အဖွဲ့ဝင် ဦးချစ်မြိုင်က လည်းကောင်း ဆုများချီးမြှင့်ကြသည်။ **(သတင်းစဉ်)**



# တနင်္သာရီတိုင်း မာရမ်း ထပ်ဆင့်လွှင့်စက်ရုံ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

**ရန်ကုန် စက်တင်ဘာ ၂၁**

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ တနင်္သာရီတိုင်း မာရမ်းတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခု စက်တင်ဘာ၁၄ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံမှ လွှင့်အား ၅၀ ဝပ်၊ လှိုင်းနှုန်း ၆ ဖြင့် ၂၀၀၄ ခုနှစ် စက်တင်ဘာ ၁၅ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံ ကြည်လင် ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေး လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့ ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကမ္ဘာ့ အဆင့်နှင့်အညီကျင်းပမည် ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေး အကောင်းဆုံးနှင့်လစ်ဟာမှုမရှိရေးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၁

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ညနေ ၃နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေးဆပ်ကော်မတီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ ပြန်ကြားရေး နှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းနှင့် ဆပ်ကော်မတီဝင် များနှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိ သူများ၊ ဖိတ်ကြားထားသူများ တက် ရောက်ကြသည်။

**စီစဉ်ဆောင်ရွက်**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကား ပြောကြားရာတွင် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ကမ္ဘာ့အဆင့်နှင့် အညီ ကျင်းပသွားမည်ဖြစ်ရာ ပြန်ကြား ရေးနှင့် သတင်းထုတ်ပြန်ရေး ဆပ် ကော်မတီအနေဖြင့် အကောင်းဆုံးနှင့် လစ်ဟာမှုမရှိအောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဌာနအကြီးအကဲများ အနေဖြင့်လည်း ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ထိတွေ့ပြီး လုပ်ငန်း ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြန်မာ သတင်းစာများတွင် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံနှင့် သက်ဆိုင်သည့် ခေါင်းကြီး၊ ကဗျာ၊ ဆောင်းပါးများ ထည့်သွင်းဖော်ပြ သကဲ့သို့ အင်္ဂလိပ်သတင်းစာတွင် လည်း ဘာသာပြန်ဆို ထည့်သွင်း ဖော်ပြရန်လိုကြောင်း၊ မြန်မာ့ရုပ်မြင် သံကြားအစီအစဉ်တွင် နိုင်ငံတကာမှ အစည်းအဝေးသို့ တက်ရောက်လာ သူများ ကြည့်ရှုရန်အတွက် ညီလာခံ သတင်းများကို အင်္ဂလိပ်ဘာသာဖြင့် ထည့်သွင်းထုတ်လွှင့်ရန်လိုကြောင်း၊ အင်္ဂလိပ်အစီအစဉ်ကို မြန်မာ့ရုပ်မြင် သံကြား ပြည်တွင်းသတင်းများ ထုတ် လွှင့်အပြီးတွင် ထုတ်လွှင့်ရန်စီစဉ် ဆောင်ရွက်ရန်လိုကြောင်း။

မြန်မာ့အသံမှ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံနှင့် စပ်လျဉ်းသည့် ဘာသာရေးအစီအစဉ် များကို မြန်မာလို ထုတ်လွှင့်သကဲ့သို့ အင်္ဂလိပ်လို ထုတ်လွှင့်ရေး စီစဉ် ဆောင်ရွက်ရန်လိုကြောင်းဖြင့် ပြော ကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စတုတ္ထအကြိမ် ကမ္ဘာ့ ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပ ရေး ပြန်ကြားရေးနှင့် သတင်းထုတ်ပြန် ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြား ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက စတုတ္ထ အကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံ မတိုင်မီကာလ၊ ညီလာခံ ကျင်းပဆဲကာလနှင့် ညီလာခံ ကျင်းပ ပြီးကာလ သုံးပိုင်းခွဲ၍ ဆောင်ရွက်မည့် အစီအစဉ်များ၊ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးရေး၊ မဟာပါသာဏ လိုဏ်ဂူတွင် P.A System နှင့် LCD ပရိုဂျက်တာ တပ်ဆင်ရေး တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ သည်။

ယင်းနောက် ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ် ကော်မတီ အတွင်းရေးမှူး မြန်မာ့ အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြား ရေးမှူးချုပ် ဦးခင်မောင်ဌေးက ဆပ် ကော်မတီအနေနှင့် ဆောင်ရွက်ပြီးစီး မှုများ၊ ဆက်လက်ဆောင်ရွက်နေ သည်များနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ယင်းနောက် Enquiry and Information လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်းက သတင်းလွှာထုတ်ဝေရေး နှင့် သတင်းထုတ်ပြန်ရေးတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားသည် များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မှတ်တမ်းဓာတ်ပုံ များ ပြုစုထုတ်ဝေရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးချစ်နိုင်က မှတ်တမ်းဓာတ်ပုံ များ ရိုက်ကူးခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ P.A System နှင့် CD-Rom / VCD/ DVD ဖြင့် ပြောင်းလဲထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က P.A System နှင့် CD-Rom / VCD/ DVD ပြောင်းလဲထိန်းသိမ်းရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

**ပါဝင်ဆွေးနွေး**

ထို့နောက် အစည်းအဝေး တက်ရောက်လာသူများက ပါဝင် ဆွေးနွေးကြသည်။

ယင်းနောက် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

**ရန်ကုန် စက်တင်ဘာ ၂၁**

မော်လမြိုင်မြို့ တောင်ရှမ်းစုရပ် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၆၆)ရိပ်သာ ကြီးတွင် ဆရာတော်ဦးပဏ္ဍိတ(ပိဋကနှစ်ပုံဆောင် ခြောက်ထပ်ကြီးဘုရား ဝင်း)သည် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို မိုးကုတ်ဆရာတော် ကြီး၏ ဥပနိဿယနှင့်အညီ စက်တင်ဘာ၃၀ရက်မှ အောက်တိုဘာ၆ရက် အထိ ခုနစ်ရက်တိုင်တိုင် ဟောကြား ပြသမည်ဖြစ်ရာ ယောဂီများ စက်တင်ဘာ၂၉ရက်ညနေအရောက် လာကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# စာတတ်သူတိုင်း စာဖတ်နိုင်ရေးအတွက် ကျေးရွာစာကြည့်တိုက်များ ဖွဲ့စည်းထူထောင်

မောင်ကျော်ဟိုး (မဟာဝိဇ္ဇာ)

ယနေ့မြန်မာနိုင်ငံတွင် စာနယ်ဇင်းများ ထုတ်လုပ်မှုသည် များစွာတိုးတက်လျက်ရှိသည်။ ထုတ်လုပ်သည့် စာရင်းများကို ကြည့်ပါက တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ် များပြားလာနေသည်ကို တွေ့ရသည်။

သို့ရာတွင် ယင်းစာနယ်ဇင်းများသည် မြို့ပေါ်တွင်သာ ရပ်တန့်နေပြီး ကျေးရွာများသို့ မပေါက်ရောက်နိုင်သေးပါ။ နိုင်ငံတော်၏ စီးပွားရေးသည် ကျေးလက်ဒေသများတွင် အဓိကတည်မှီနေသည်။ ကျေးလက်မှ ထွက်ကုန်သီးနှံ ဆန်စပါး၊ ပဲ၊ နှမ်း၊ ဝါ၊ ဂျုံ စသည်တို့ တိုးတက်ထုတ်လုပ်လာသည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် ကျေးလက်နေ ပြည်သူများ အသိပညာ ကြွယ်ဝရန်လိုအပ်သည်။



အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက် ကလေးစာဖတ်ခန်းတွင် စာဖတ်နေကြသည့် ကလေးများကို တွေ့ရစဉ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် စာတတ်သူများ တစ်နှစ်ထက်တစ်နှစ် တိုးပွားများပြားလျက်ရှိသည်။ ယခု ၂၀၀၄ခုနှစ်တွင် စာတတ်သူရာခိုင်နှုန်းသည် ၉၃ဒသမ၃ ရာခိုင်နှုန်းအထိ ရှိလာခဲ့ပြီဖြစ်သည်။

**ကျေးရွာ စာကြည့်တိုက်များ တစ်လထက် တစ်လ ဖွဲ့စည်းတိုးတက်လာနေသဖြင့် စာနယ်ဇင်းများသည်လည်း ကျေးလက်သို့ ခရီးပေါက်စပြုနေသည်။ ကျေးရွာစာကြည့်တိုက်များ ဖွဲ့စည်းထူထောင်လာသဖြင့် ကျေးလက်နေ ပြည်သူများ အားလပ်ချိန်တွင် စာပေဖတ်ရှုလျက် ဗဟုသုတ ရှာမှီးနိုင်ကြပြီဖြစ်သည်။**

ကျေးလက်နေ ပြည်သူများ အသိပိုမိုကြွယ်ဝရေး၊ အမြင်ပိုမိုကျယ်ရေးအတွက် ကျေးလက်ဒေသများသို့ စာနယ်ဇင်းများ ပေါက်ရောက်အောင် ဖြန့်ချိနိုင်ရန် လိုအပ်နေသည်။ ကျေးလက်ဒေသများသို့ စာနယ်ဇင်းများ မပေါက်ရောက် မပျံ့နှံ့နိုင်သည်မှာ ကျေးရွာစာကြည့်တိုက်များ မရှိသောကြောင့်ပင် ဖြစ်သည်။ ကျေးရွာစာကြည့်တိုက်များကို စနစ်တကျ ထူထောင်ပေးနိုင်မည်ဆိုပါက ယနေ့ထုတ်ဝေနေသော စာနယ်ဇင်းများ ကျေးလက်သို့ အရောက် ပျံ့နှံ့နိုင်သည်။

၁၇–၈–၂၀၀၄ရက်နေ့က ပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေး ညှိနှိုင်း အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက–

**“၂၀၀၅–၂၀၀၆ ခုနှစ်တွင် ကျေးရွာအားလုံး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ သို့မှသာ ကျေးလက်နေ ပြည်သူများသည် စာပေနှင့် အလှမ်းမဝေးတော့ဘဲ နေ့စဉ်ထိတွေ့မှုရှိကာ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး အသိပညာများ တိုးတက်လာပြီး လူနေမှုဘဝ မြင့်မားလာမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း စာပေပညာရှင်များ၏ စာအုပ်၊ စာပေများ နေရာအနှံ့ရောက်ရှိကာ အကျိုးပြုမှာ ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း များစွာအကျိုးဖြစ်ထွန်းလာနိုင်သဖြင့် ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ထွန်းလာရေးကို တတ်စွမ်းသမျှ ဝိုင်းဝန်းကူညီပံ့ပိုးကြပြီး အကြံဉာဏ်ပေး ဆောင်ရွက်ကြစေလိုကြောင်း”**

ဆွေးနွေးပြောကြားခဲ့သည်။



ကျေးရွာစာကြည့်တိုက်များ ဖွဲ့စည်းထူထောင်ရေးအတွက်ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနများက စည်းရုံးကြိုးပမ်းလှုံ့ဆော် ဆောင်ရွက်ပေးလျက်ရှိသည်။ ယခင်ကဆိုလျှင် မြို့နယ်နှင့်ကျေးလက်ဒေသသည် လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် အဆက်အသွယ် ပြတ်ခဲ့သည်။ ကျေးလက်နေပြည်သူများ မြို့သို့ အရောက်အပေါက် နည်းသကဲ့သို့ မြို့ပေါ်ရှိ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များသည်လည်း ကျေးလက်ဒေသသို့ အရောက်အပေါက် နည်းကြသည်။

ယခုအခါ လမ်းပန်းဆက်သွယ်ရေးသည် သွားလမ်း၊ လာလမ်းဖြောင့်ဖြူး လွယ်ကူလျက်ရှိသည်။ ရှေးကကဲ့သို့ မြို့နှင့်ကျေးလက်ဒေသများ အဆက်မပြတ်တော့။ ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနများက နယ်လှည့်စာကြည့်တိုက် လှုပ်ရှားမှုဖြင့် ကျေးရွာအရောက် ခရီးဆန့်၍ စာကြည့်တိုက်များ ထူထောင်ရေး စည်းရုံး ဆောင်ရွက်လျက်ရှိကြသည်။ ထို့ကြောင့်လည်း ၂၁–၉–၂၀၀၄ ရက်နေ့အထိ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ပေါင်း ၈၃၁၇ ခုအထိ ဖွဲ့စည်းထူထောင်နိုင်ခဲ့ပြီဖြစ်သည်။

တံတားဦးမြို့နယ် ကုက္ကိုကန်ကျေးရွာ စာကြည့်တိုက်တွင် စာပေလေ့လာဖတ်ရှုနေကြသည့် ကလေးလူငယ်များကို တွေ့ရစဉ်။

**ကျေးရွာစာကြည့်တိုက်များ တစ်လထက် တစ်လ ဖွဲ့စည်းတိုးတက်လာနေသဖြင့် စာနယ်ဇင်းများသည်လည်း ကျေးလက်သို့ ခရီးပေါက်စပြုနေသည်။ ကျေးရွာစာကြည့်တိုက်များ ဖွဲ့စည်းထူထောင်လာသဖြင့် ကျေးလက်နေ ပြည်သူများ အားလပ်ချိန်တွင် စာပေဖတ်ရှုလျက် ဗဟုသုတ ရှာမှီးနိုင်ကြပြီဖြစ်သည်။**

ကျေးရွာစာကြည့်တိုက်များ တိုးတက်ဖွဲ့စည်းထူထောင်လာသည်နှင့်အမျှ ယင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ရေရှည်တည်တံ့ခိုင်မြဲရေးကိုလည်း ဆောင်ရွက်ကြရန်ဖြစ်သည်။ ကျေးရွာစာကြည့်တိုက်များတွင် ‘စာတတ်သူတိုင်း စာဖတ်နိုင်ရေး’ စာတတ်၍ လေ့လာခြင်းဖြင့် ဗဟုသုတရှာမှီးကာ ရရှိသောဗဟုသုတဖြင့် မိမိတို့ကျရာ၊ ရောက်ရာနေရာမှ နိုင်ငံ့တာဝန်ကိုထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။

ဤသို့ဖြင့် စာတတ်သူတိုင်း စာဖတ်နိုင်ရေးအတွက် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ကြရာတွင် နိုင်ငံတော်၊ ပြည်သူနှင့်ဝန်ထမ်းများ၏ တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်မှုသည် အရေးပါလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်တွင် စာပေလေ့လာဖတ်ရှုနေကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များကို တွေ့ရစဉ်။



စက်တင်ဘာ ၂၀ ရက်က မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ ဗဟန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အခြေခံ ပန်းအလှပြုပြင်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကို မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းဥက္ကဋ္ဌ ဦးညွန့်ဖေ သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၅-၂၀၀၉ မဟာဗျူဟာရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲပိတ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (မိခင်/ကလေး)

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မဟာဗျူဟာရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲပြီးစီး

ရန်ကုန် စက်တင်ဘာ ၂၁

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏(၂၀၀၅/၂၀၀၉) မဟာဗျူဟာရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့အဖြစ် ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟို ဌာနအဆောက်အအုံ၌ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက သဘာပတိအဖြစ်ဆောင်ရွက်သည်။**

မဟာဗျူဟာရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့တွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်းကြီးကြပ်မှုကော်မတီ နာယကများ၊ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက အုပ်စုခွဲခြောက်စုခွဲ၍ မဟာဗျူဟာရေးဆွဲရေးလုပ်ငန်းစဉ်များအကြောင်း ဆွေးနွေးကြသည်။ အဖွဲ့လိုက် ဆွေးနွေးအကြံပြုချက်များအား တင်ပြကြသည်။ အဖွဲ့အသီးသီးမှဆွေးနွေးတင်ပြချက်များအား သဘာပတိဒေါက်တာ ဒေါ်ခင်ဝင်းရွှေက သုံးသပ်အကြံပြုဆွေးနွေးပြီးနောက် နိဂုံးချုပ်အမှာစကားပြောကြားကာ မဟာဗျူဟာရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

***စာမျက်နှာ ၃ မှ***

မြန်မာနိုင်ငံအနေဖြင့် Anti Money Laundering Law နှင့် Mutual Legal Assistance Law များကို ပြဋ္ဌာန်းပြီး ထိရောက်စွာ အကောင်အထည်ဖော်နေသည့်အပြင် အစားထိုးစိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေး၊ အစားထိုးဝင်ငွေရရှိရေးများကို အလေးထားဆောင်ရွက်ပေးသည့်အပြင် ပြစ်မှုကျူးလွန်သူများအားလည်း ထိရောက်စွာအရေးယူအပြစ်ပေးလျက်ရှိကြောင်း၊ ဒေါ်လာသန်းထောင်ပေါင်းများစွာ တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးများကိုလည်း ဖမ်းဆီးဖျက်ဆီးလျက်ရှိနေပါကြောင်း၊ နှစ်များစွာ ပြည်ပ အကူအညီမပါဘဲ မိမိတို့ပြည်တွင်းအင်အားသယံဇာတစွမ်းအားများဖြင့် ကြိုးပမ်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းအောင်မြင်မှုများကို မသိကျိုးကျွန်ပြု၍ မြန်မာ တားဆီးနှိမ်နင်းရေး အရာရှိများအား တားဆီးနှိမ်နင်းရေး သင်တန်းများ မတက်ရန်နှင့်စီးပွားရေးပိတ်ဆို့မှုများ ဆောင်ရွက်ခဲ့ခြင်းကြောင့် စီးပွားရေး အခက်အခဲဖြစ်ရပြီး မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် အဟန့်အတား ဖြစ်စေခဲ့ကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ပြည်သူများ၏ လိုလားချက်နှင့်အညီ အမေရိကန်နိုင်ငံအနေဖြင့် သုံးစွဲမှု လျှော့ချရေးအလေးထားရန်နှင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေးကြိုးပမ်းမှုများကို မထိခိုက်စေရန် စေတနာအရိုးခံထား ပူးပေါင်းဆောင်ရွက်သင့်ကြောင်းဖြင့် တိုက်တွန်းပြောကြားလိုကြောင်း။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေးကို ၁၅ နှစ် စီမံကိန်းနှင့်ပန်းတိုင်သစ်စီမံကိန်းတို့အရ အားဖြည့်ဆောင်ရွက်ခဲ့ကြောင်း၊ စိတ်ကြွရူးသွပ်ဆေးထုတ်လုပ်မှုနှင့်ပတ်သက်ပြီး နိုင်ငံအတွင်း တားဆီးနှိမ်နင်းရေး၊ထိရောက်ပြစ်ဒဏ်ရရှိရေးကို အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတွင်းသာမက ဓာတုပစ္စည်းများထုတ်လုပ်သည့်အိမ်နီးချင်းနိုင်ငံများနှင့်ပါ ပူးပေါင်းထိန်းချုပ်ရေးကို တိုးမြှင့် ဆောင်ရွက်ခဲ့ကြောင်း၊ ဓာတုပစ္စည်းထိန်းချုပ်ရေးနည်းဥပဒေကိုလည်းပြဋ္ဌာန်းပေးခဲ့ကြောင်း၊တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ လာအိုနှင့် မြန်မာ ငါးနိုင်ငံ အဆင့်မြင့်အရာရှိများအဆင့်မှ ဝန်ကြီးများအဆင့်အထိ နှစ်နိုင်ငံချင်းသော်လည်းကောင်း၊ငါးနိုင်ငံစုပေါင်း၍သော်လည်းကောင်း၊ ညှိနှိုင်းအစည်းအဝေးများ၊ အထူးအစည်းအဝေးများ၊ နယ်စပ်ဖြတ်ကျော် အစည်းအဝေးများ ပြုလုပ်၍ တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကြွရူးသွပ်ဆေးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဆေးဝါးများထုတ်လုပ်ခြင်းမရှိကြောင်း၊ ထို့ကြောင့် အိမ်နီးချင်းနိုင်ငံများနှင့်ရော နိုင်ငံတကာနှင့်ပါ စိတ်ကြွရူးသွပ်ဆေးပပျောက်ရေးကို အစွမ်းကုန်တက်ကြွစွာ ကြိုးပမ်းလျက်ရှိကြောင်း၊ စာရင်းဇယားများအရ (၁၅)နှစ် စီမံကိန်းစသည့် ၁၉၉၉ ခုနှစ်တွင် ဆေးပြား၂၉သန်း၊ ဓာတုဆေးရည် ၅၈၆၃၇ လီတာ၊ ၂၀၀၀ ပြည့်နှစ်တွင် ဆေးပြား ၂၇ သန်း၊ ဓာတုဆေးရည် ၈၉၁၄ လီတာ၊ ၂၀၀၁ခုနှစ်တွင် ဆေးပြား ၃၂ သန်း၊ ဓာတု ဆေးရည် ၁၈၆၅၀၉ လီတာ၊ ၂၀၀၂ခုနှစ်တွင် ဆေးပြား ကိုးသန်း၊ ဓာတု ဆေးရည် ၂၉၃၉၃ လီတာ၊ ၂၀၀၃ခုနှစ်တွင် ဆေးပြားလေးသန်း၊ဓာတု ဆေးရည် ၃၉၄၆၅ လီတာ စသည်ဖြင့် ဖမ်းဆီးရမိမှု တဖြည်းဖြည်းလျော့ကျလာသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ထို့ကြောင့် စိတ်ကြွရူးသွပ်ဆေးပပျောက်ရေးကို မြန်မာနိုင်ငံအနေဖြင့် အလေးထား ဆောင်ရွက်နေကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့နယ် တီးမကျေးရွာနီး၌ ဖွင့်လှစ်မည့် ရွှေပြည်သစ်လူငယ်များပြုစုပျိုးထောင်ရေးဌာန တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို တင်ပြလိုကြောင်း၊ ဌာန အုပ်ချုပ်မှုရုံး၊ ဆေးရုံ၊ အလုပ်ရုံ၊ သင်တန်းခန်းမ၊ သင်တန်းသားအိပ်ဆောင်၊ ထမင်းစားဆောင်၊ နားနေဆောင်၊ လုံခြုံရေး အဆောက်အအုံ၊ ဝန်ထမ်းနေအိမ် အဆောက်အအုံများအပါအဝင် အခြားလိုအပ်သည့် အဆောက်အအုံ အရေအတွက် ၂၉ လုံးကို လောလောဆယ်စတင် ဆောက်လုပ်လျက်ရှိကြောင်း၊ မေလတွင် စတင်ဆောက်လုပ်ခဲ့ရာ ယနေ့အချိန်အထိ ၉၀ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်ပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကွင်းဆင်း လေ့လာရေးအဖွဲ့ သွားရောက်လေ့လာပြီး မက္ကာဒေးမီးယား၊ သရက်၊ လိုင်ချီး၊ လောင်ဂန်၊ လိမ္မော် စသည့် နှစ်ရှည်ပင်များစိုက်ပျိုးရန်အတွက် မြေပြုပြင်ခြင်း၊ မြေကျင်းတူးခြင်း၊ မြေဆီထည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းအတွက် ဒေသနှင့်ကိုက်ညီမည့် တိရစ္ဆာန်များမွေးမြူသွားရန်နှင့် သင်တန်းဖွင့်လှစ်သည့်အခါ မွေးမြူရေးဘာသာရပ် စာတွေ့လက်တွေ့ သရုပ်ပြသင်ကြား ပို့ချနိုင်ရန် ကွင်းဆင်းလေ့လာရေးအဖွဲ့ဖြင့် ဆောင်ရွက်ပြီးဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်း၏ ဒုတိယငါးနှစ်ကာလတွင် မိမိတို့မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်း၊ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများကို ဟန်ချက်ညီစွာနှင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်ချက်နှင့်ပတ်သက်၍ အမေရိကန်နိုင်ငံနှင့် အချို့နိုင်ငံများ၏ ထိုးနှက်ချက်များကို မီဒီယာဖြင့်တုံ့ပြန်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာကျော်မြင့်က ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်မည့် မူးယစ်ဆေးစွဲရောဂါကုသရေးအစီအစဉ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက မူးယစ်ဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၀၄)အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုများကိုတင်ပြသည်။ **(သတင်းစဉ်)**

# မြန်မာနှင့်ထိုင်းရှိ တက္ကသိုလ်များပညာရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ထိုင်းပညာရေးဆွေးနွေးပွဲနှင့်ပြပွဲကျင်းပရေး သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

**မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့ရှိ တက္ကသိုလ်များ၏ပညာရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်အတွက် ထိုင်းပညာ ရေးဝန်ကြီးဌာန အဆင့်မြင့်ပညာရေးကော်မရှင်နှင့်မြန်မာနိုင်ငံရှိ ထိုင်းနိုင်ငံသံရုံးတို့သည် မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ပထမအကြိမ် ထိုင်းပညာရေး ဖိတ်ခေါ်ဆွေးနွေးပွဲနှင့်ပြပွဲတစ်ရပ်ကျင်းပနိုင်ရေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။**

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး(သတင်း)ဦးဝင်းတင်၊စာတည်းမှူးချုပ်များ၊ မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနမှ ပါမောက္ခချုပ် ဒေါက်တာစိုးရင်(ရန်ကုန်တက္ကသိုလ်)၊ ပါမောက္ခချုပ် ဒေါက်တာကံဇော်(စီးပွားရေးတက္ကသိုလ်)၊ဒေါက်တာခင်ဇော်(ပညာရေးတက္ကသိုလ်)၊ ဒေါက်တာစိုးဝင်း(နိုင်ငံခြားဘာသာတက္ကသိုလ်)၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr.Opas Chantarasap၊ ထိုင်းနိုင်ငံပညာရေးဌာန အဆင့်မြင့်ပညာရေးကော်မရှင် အထွေထွေအတွင်းရေးမှူးချုပ် တွဲဖက်ပါမောက္ခ ဒေါက်တာပါဗစ်သုံရော့ (ASSOC. PROF Pavich Thongroch.Phd) Secretary General of Commission on Higher Education၊ ထိုင်းနိုင်ငံ စီးပွားရေးသံမှူး မစ္စတာမတရာဝန်အမ တရကွန်း(Mr. Matyawongse Amatayakul) မြန်မာနိုင်ငံနိုင်ငံခြား သတင်းထောက်များအသင်း ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ထိုင်းနိုင်ငံပညာရေး ဝန်ကြီးဌာနအဆင့်မြင့်ပညာရေးကော်မရှင် အထွေထွေအတွင်းရေးမှူးချုပ် တွဲဖက်ပါမောက္ခ ဒေါက်တာပါဗစ်သုံရော့က ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံရှိ တက္ကသိုလ်များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်အတွက် ထိုင်းနိုင်ငံပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာရေး ကော်မရှင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးတို့သည် မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းလျက် ပထမအကြိမ် ထိုင်းပညာရေးဆွေးနွေးပွဲ နှင့်ပြပွဲကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ စက်တင်ဘာ ၂၅ ရက်မှ ၂၆ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၅နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆွေးနွေးပွဲ၏ ဦးတည်ချက်မှာ မြန်မာနှင့်ထိုင်း အဆင့်မြင့်ပညာရေး ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပေးရန်ဖြစ်ပြီး ပြပွဲတွင် အဓိကလုပ်ငန်းသုံးခုပါဝင်ကြောင်း၊ ပညာရေးဆိုင်ရာဆွေးနွေးပွဲ များ၊ပညာရေးဆိုင်ရာပြပွဲ၊ မြန်မာနိုင်ငံ တက္ကသိုလ်များသို့ သွားရောက်လေ့လာခြင်းတို့ဖြစ်ကြောင်း။

ဆွေးနွေးပွဲတွင် သင်ရိုးညွှန်းတမ်း ပူးတွဲဆောင်ရွက်မှုတိုးမြှင့်ရေး၊ အဆင့်မြင့်ပညာနှင့်သက်ဆိုင်သည့် အရည်အသွေးဖော်ထုတ်မှု၊ ပညာသင်ကြားပေးရေးနှင့် သင်ယူမှုနည်းလမ်းများ၊ သက်ဆိုင်ရာလေ့ကျင့်ရေးပညာပေးမှုများ စသည်တို့ကိုလည်း ဆွေးနွေးမည်ဖြစ်ကြောင်း၊ ပညာရေးပြပွဲဖြစ်၍ ထိုင်းနိုင်ငံမှ အဆင့်မြင့်ပညာသင်ကျောင်းများ၊ သက်ဆိုင်ရာ အေဂျင်စီများနှင့်အဖွဲ့အစည်းများ စုစုပေါင်း ၃၁ ဖွဲ့ ပါဝင်ပြသမည်ဖြစ်ကြောင်း၊ ထို့အပြင် အာဆီယံတက္ကသိုလ်ကွန်ရက်ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းလည်း ပြပွဲတွင်ပါဝင်ပြသမည်ဖြစ်ပြီး ရာဂျာဘတ်တက္ကသိုလ်များနှင့် ရာဂျာမန်ဂလာ စက်မှုတက္ကသိုလ်တို့မှလည်း ၎င်းတို့၏ စက်မှုနှင့် အသက်မွေးပညာရပ်များကို မိတ်ဆက်ပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနကလည်း မြန်မာ့ပညာရေးနှင့်ပတ်သက်၍ ဤပြပွဲတွင် ပါဝင်ပြသမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် တည်ဆောက်မှု အခွင့်အလမ်းများကိုလည်း ပြသမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် တည်ဆောက်မှု အခွင့်အလမ်းများကို ဆွေးနွေးရန်အတွက် ဤဆွေးနွေးပွဲနှင့် ပြပွဲသို့ပညာရပ်ဆိုင်ရာကျွမ်းကျင်ပုဂ္ဂိုလ်များနှင့် စိတ်ပါဝင်စားသူ ကျောင်းသားကျောင်းသူများလာရောက် လေ့လာ ဆွေးနွေးတင်ပြနိုင်ရန်အတွက် ဖိတ်ခေါ်ပါကြောင်း ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဤပြပွဲနှင့် ဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ပြပွဲတာဝန်ခံ TTF (Yangon) Co.,Ltd. အမှတ် ၉၆၊ ဘိုကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၄၀၀၆၊ ၂၄၅၁၃၇၊၂၄၅၁၃၈ တို့သို့ ဆက် သွယ်၍ ကြိုတင်စာရင်းပေးသွင်းခြင်း၊ အသေးစိတ် စုံစမ်းမေးမြန်းခြင်းများပြုလုပ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**


## စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

# ဂျူဗင်းတပ်တို့ထိပ်ဆုံး၌ ဆက်လက်ရပ်တည်နေနိုင်မည်လား အင်တာမီလန်၊လာဇီယို၊အေစီမီလန်တို့ စီးရီးအေပွဲစဉ်(၃) ယနေ့ကစားမည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် စက်တင်ဘာ ၂၁

**အီတလီစီးရီးအေဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပလျက်ရှိရာ စီးရီးအေ၏ပွဲစဉ်(၃)အဖြစ် အတ္တလန္တာနှင့် အင်တာမီလန်၊ ဘရက်ရှားနှင့်လာဇီယို၊ အေစီမီလန်နှင့်မက်ဆီနာ၊ ဂျူဗင်းတပ်နှင့် ဆမ့်ဒိုးရီးယားတို့ပွဲစဉ်များ အပါအဝင် ပွဲပေါင်း၁၀ပွဲကို စက်တင်ဘာ၂၂ရက်(ယနေ့)တွင် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။**

## အတ္တလန္တာနှင့်အင်တာမီလန်

လူသစ်တန်း အတ္တလန္တာနှင့် ပြီးခဲ့သည့်နှစ် စီးရီးအေ၌အဆင့်(၄) ရရှိခဲ့သော အင်တာမီလန်တို့ အတ္တလန္တာကွင်း အင်ဂူရီဒီအီတာလီရာ၌ စက်တင်ဘာ ၂၂ ရက် **(ယနေ့)** တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ်စီးရီးဘီ၌ အိမ်ကွင်းရလဒ်ကောင်းသည့် အတ္တလန္တာမှာ နှစ်ပွဲကစားတစ်ပွဲသရေ၊ တစ်ပွဲရှုံးပြီး တစ်မှတ်ရရှိကာ လက်ရှိတန်းစီဇယားတွင်အဆင့်(၁၃)နေရာတွင်ရှိနေသည်။ ယခင်နှစ်ကထက်လက်ရှိခြေစွမ်းမှာ အားရဖွယ်မရှိရာ အိမ်ကွင်း၌ပင် အင်တာမီလန်တို့ကို အနိုင်ရရှိရန် မလွယ်ပေ။

အဝေးကွင်း ရလဒ်ကောင်းသော အင်တာမီလန်မှာလည်းယခုနှစ်၌ခြေစွမ်းမပြနိုင်ဘဲရှိရာ နှစ်ပွဲကစားပြီးချိန်တွင်နှစ်ပွဲစလုံးသရေကျထားပြီး နိုင်ပွဲမရဘဲရှိနေသည်။ နှစ်ပွဲကစားပြီး နှစ်မှတ်သာရရှိထားသဖြင့် တန်းစီဇယား၌ အဆင့်(၁၂) နေရာ၌ရှိနေသည်။ လူစုံအောင် အင်အားဖြည့်ထားသည့် အင်တာမီလန်တွင် ဗီရွန်၊ အဂ္ဂါဒေးဗစ်၊ ဇီမာရီလာတို့ ပါဝင်ဖွဲ့စည်းထားသော်လည်း နိုင်ပွဲဝေးနေဆဲဖြစ်ရာ ယခုပွဲတွင် အင်တာမီလန် နိုင်ပွဲရအောင် နည်းပြ မန်ချီနီက စီမံဆောင်ရွက်တော့မည်ဖြစ်သည်။

အတ္တလန္တာနှင့် အင်တာမီလန်တို့ ယခင်က ငါးကြိမ်တွေ့ဆုံခဲ့ဖူးရာ အင်တာမီလန်တို့သုံးပွဲနိုင်ပြီး အတ္တလန္တာတို့က တစ်ပွဲနိုင်ကာ တစ်ပွဲသရေကျထားဖူးသော အစဉ်အလာရှိနေသဖြင့် ယခုပွဲအဝေးကွင်း၌ အင်တာမီလန်တို့အနိုင်ရရန်အလေးသာလျက်ရှိသည်။

## အေစီမီလန်နှင့်မက်ဆီနာ

ယခင်နှစ်က စီးရီးအေချန်ပီယံ အေစီမီလန်နှင့်အတန်းတက်မက်ဆီနာတို့ အေစီမီလန်ကွင်း ဆမ်ဆီရို၌ စက်တင်ဘာ ၂၂ ရက်**(ယနေ့)**တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခင်နှစ်စီးရီးအေတွင် အိမ်ကွင်း၌ ၁၇ ပွဲကစားခဲ့ရာ တစ်ပွဲသာ ရှုံးထားဖူးသောအေစီမီလန်တို့ ယခုပွဲအနိုင်ရအောင်ကစားမည်ဖြစ်သည်။

အေစီမီလန်မှာ စီးရီးအေပွဲစဉ်(၁)၌ လူသစ်တန်း လီဇော်နိုကို အိမ်ကွင်း၌ နှစ်ဂိုးစီသရေကျခဲ့သဖြင့် နည်းပြဆန်စလော့တီကို ဖိအားပေးလျက်ရှိရာ ယခုပွဲအိမ်ကွင်း၌ မက်ဆီနာကို အနိုင်ရအောင်ကစားပြီး သုံးမှတ်အပြည့်ယူမည်ဖြစ်သည်။

အေစီမီလန်မှာဝါရင့်သမ္မာရင့်များဖြစ်သည့် ကာဖူး၊မာဒီနီ၊နက်စတာ၊ဆီးဒေါ့ဖ်နှင့် ရှက်ချန်ကိုတို့အပြင် ခရက်စပိုလည်း ပါဝင်ထားရာ လူသစ်တန်း မက်ဆီနာတို့ အနိုင်ရရှိရန် မလွယ်ပေ။ သို့သော် မက်ဆီနာမှာ ပွဲစဉ်(၁)၌ ပါးမားကို ဂိုးမရှိသရေ၊ ပွဲစဉ်(၂)၌ ရိုးမားကို လေးဂိုး–သုံးဂိုးဖြင့် အနိုင်ယူထားသော ခြေစွမ်းမှာလည်း အထင်သေး၍မရသည်ဖြစ်ရာ အေစီမီလန်တို့ မက်ဆီနာကို အနိုင်ရရန် ခက်ခက်ခဲခဲကြိုးစားမှသာ အနိုင်ရဖွယ်ရှိသည်။

အေစီမီလန်တို့ နှစ်ပွဲကစားပြီးချိန်တွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ဖြင့် တန်းစီဇယား၌ အဆင့်(၃)ရရှိနေသလိုပင် မက်ဆီနာမှာလည်း နှစ်ပွဲကစားပြီးချိန်၌ တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် လေးမှတ်ရကာ တန်းစီဇယားတွင် အဆင့်(၅)ရရှိနေသဖြင့် လူသစ်တန်း မက်ဆီနာကို ချန်ပီယံ အေစီမီလန်တို့ မည်သို့ဖြတ်ကျော်နိုင်မည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

သို့သော်သမ္မာနှင့်ဝါတွင် မက်ဆီနာတို့ အေစီမီလန်တို့ကို ယှဉ်နိုင်မည်မဟုတ်ရာ အိမ်ကွင်း၌ အေစီမီလန်တို့သာ အနိုင်ရမည့်ပွဲဖြစ်သည်။



**အီတလီစီးရီးအေပွဲစဉ်(၂)အဖြစ် ပါးမားနှင့်အူဒီးနိစ်တို့ ယှဉ်ပြိုင် ကစားသည့်ပွဲတွင် ပါးမားအသင်းမှ မာချီရိုနီနှင့်အူဒီးနိစ်အသင်းမှ ဗင်ဆင်ဇိုတို့ ဘောလုံးယှဉ်လုစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

## ဘရက်ရှားနှင့်လာဇီယို

ပြီးခဲ့သည့်နှစ် စီးရီးအေမှာ အဆင့် ၁၁ ချိတ်ခဲ့သော်လည်း ယခုနှစ်၌ နှစ်ပွဲကစားပြီးချိန်ထိ နိုင်ပွဲမရရှိသေးသည့် ဘရက်ရှားနှင့် ယခင်နှစ်က အဆင့်(၆)ချိတ်ခဲ့ပြီး နှစ်ပွဲကစားပြီးချိန်၌ တစ်ပွဲနိုင်၊ တစ်ပွဲသရေကျပြီး လေးမှတ်ရနေသော လာဇီယိုတို့ ဘရက်ရှားကွင်း မာရီရိုရီဂါမွန်တီတွင် စက်တင်ဘာ ၂၂ ရက် **(ယနေ့)** တွင် ကစားမည်ဖြစ်သည်။

ဘရက်ရှားတို့ အိမ်ကွင်းရလဒ်မကောင်းသော်လည်း ပြီးခဲ့သည့်နှစ်စီးရီးအေတွင် အိမ်ကွင်း၌ လာဇီယိုကို ဘရက်ရှားကနှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ယူထားသည့်အဖြစ်မှာ မမေ့ရက်စရာဖြစ်ရာ လာဇီယိုတို့ အထူးသတိထားကစားရမည်ဖြစ်သည်။ ဘရက်ရှားအသင်းတွင် နာမည်ကြီး ဘက်ဂီယို အနားယူသွားသဖြင့် ကစားအားလျော့နည်းနေသော်လည်း အယ်လ်မေးဒါး၊စကူလီတို့က ခြေစွမ်းပြကစားနိုင်ခဲ့ပါက လာဇီယိုတို့မလွယ်ပေ။

လာဇီယိုအသင်းနည်းပြသစ် ဒိုမီနီကိုကာဆို၏ အစီအမံကောင်းမှုကြောင့် ယခုနှစ်တွင် ရှုံးပွဲမရှိသေးဘဲ ခြေမှန်လျက်ရှိသော လာဇီယိုသည် အဝေးကွင်းရလဒ်မကောင်းသည့် အစဉ်အလာကို ချေဖျက်ပြီး ဘရက်ရှားကို အနိုင်ယူကာ သုံးမှတ်အပြည့်ယူမည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် ဘရက်ရှားတို့ ခြေပျက်နေပြီး လာဇီယိုတို့ ပုံမှန်ခြေပြန်ရနေသဖြင့် အဝေးကွင်းဖြစ်သော်လည်း လာဇီယိုတို့သာ အနိုင်ရရန် အလေးသာလျက်ရှိသည်။

## ဆမ်ဒိုးရီးယားနှင့်ဂျူဗင်းတပ်

ပြီးခဲ့သည့်နှစ် စီးရီးအေမှာ အဆင့်(၈)ရခဲ့သည့် ဆမ်ဒိုးရီးယားနှင့် အဆင့်(၃)ရရှိခဲ့သည့် ဂျူဗင်းတပ်အသင်းတို့ ဆမ်ဒိုးရီးယားကွင်း လူဂီဖာရာရက်စ်၌ စက်တင်ဘာ ၂၂ ရက်**(ယနေ့)**တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဆမ်ဒိုးရီးယားတို့ နှစ်ပွဲကစားပြီးချိန်အထိနိုင်ပွဲမရသေးဘဲရှိရာ နည်းပြ နိုဗယ်လီနိုလည်း မျက်နှာပျက်စရာဖြစ်နေရပြီဖြစ်သည်။ ဆမ်ဒိုးရီးယားတွင် ဘဇာနီနှင့် ဒိုနီတို့ကို အားထားကစားမည်ဖြစ်သော်လည်း လက်ရှိခြေစွမ်းနှင့် ဂျူဗင်းတပ်အသင်းကို ခြေရည်တူကစားနိုင်ရန်မလွယ်။

ဂျူဗင်းတပ်အသင်းမှာ ယခုနှစ်၌ ခြေစွမ်းပြကစားနိုင်ပြီး နိုင်ပွဲ ဆက်လျက်ရှိရာ နှစ်ပွဲကစားပြီးချိန်တွင် နှစ်ပွဲစလုံး အနိုင်ရကာ ခြောက်မှတ်ဖြင့် တန်းစီဇယားထိပ်၌ ရပ်တည်နေနိုင်သည့်အသင်းဖြစ်သည်။ ဒယ်လ်ပီယာရို၊ နက်ဗက်၊ နာဇာရီနှင့် အီမာဆင်တို့ အတွဲညီပြီး နားလည်မှုရှိကြသဖြင့် ကစားအားကောင်းလျက်ရှိရာ အဝေးကွင်း၌ ကစားရမည်ဖြစ်သော်လည်း ဆမ်ဒိုးရီးယားကို အနိုင်ယူမည့် ခြေစွမ်းဂျူဗင်းတပ်၌ပိုင်ဆိုင်ထားသည်။

ဂျူဗင်းတပ်နည်းပြ ကာပယ်လိုက စီးရီးအေချန်ပီယံဖလားကို အေစီမီလန်လက်မှ ရအောင်ယူမည်ဟု ဆိုထားရာ လက်ရှိခြေစွမ်းနှင့်ဆိုလျှင် အလားအလာကောင်းလျက်ရှိသည်။ ဆမ်ဒိုးရီးယားနှင့် ဂျူဗင်းတပ်တို့ ယခင်က လေးကြိမ် ဆုံတွေ့ခဲ့ပြီး လေးကြိမ်စလုံး ဂျူဗင်းတပ်က အနိုင်ရရှိထားရာ ယခုပွဲတွင်လည်း ဂျူဗင်းတပ်တို့သာ အနိုင်ယူမည့်ပွဲ ဖြစ်သည်။

## ရိုးမားနှင့်လက်ချီ

ပြီးခဲ့သည့်စီးရီးအေ၌ အဆင့်(၂) ရရှိခဲ့သည့် ရိုးမားအသင်း ယခုနှစ်ပွဲစဉ်(၁)၌ ဖီအိုရင်တီးနားကို တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ခဲ့သော်လည်း အတန်းတက် မက်ဆီနာကို လေးဂိုး–သုံးဂိုးဖြင့် ရှုံးခဲ့သဖြင့် ရိုးမားအသင်း နည်းပြ ရူဒီဗောင်လာ မျက်နှာပျက်စရာဖြစ်ခဲ့ရသည်။ ထို့ကြောင့် လက်ချီနှင့် စက်တင်ဘာ ၂၂ ရက် **(ယနေ့)** တွင် ကစားမည့်ပွဲတွင် ခြေကုန်ထုတ်ပြီး အနိုင်ရရန် ကြိုးစားကစားခိုင်းတော့မည်ဖြစ်သည်။

လက်ချီအသင်း ခြေစွမ်းမှာ ယခုနှစ်တွင် တိုးတက်လာလျက်ရှိရာ ခြေတွေ့ပါက တစ်ဖက်အသင်းကို ကောင်းကောင်း ဒုက္ခပေးနိုင်သဖြင့် ရိုးမားတို့ သတိထားကစားရမည်ဖြစ်သည်။ ရိုးမားနှင့် လက်ချီတို့ ယခင်က ခြောက်ကြိမ်ဆုံတွေ့ခဲ့ရာတွင် ရိုးမားက ငါးပွဲနိုင်ခဲ့ပြီး တစ်ပွဲသာ သရေကျခဲ့သဖြင့် အစဉ်အလာအရ ရိုးမားတို့ အိမ်ကွင်း၌ အသာစီးရဖွယ်ရှိနေသည်။

အဝေးကွင်းရလဒ်မကောင်းသည့် လက်ချီတို့ ရိုးမားကွင်း၌ ခြေရည်တူကစားပြီး အနိုင်ရရန်မှာ လွယ်ကူမည်မဟုတ်ရာ ရိုးမားတို့ ဂိုးပြတ်သွင်းနိုင်၊ မသွင်းနိုင်သာ စောင့်ကြည့်ရမည်ဖြစ်သည်။

## ပါးမားနှင့်ဘိုလော့နာ

ပြီးခဲ့သည့်စီးရီးအေ၌ အဆင့်(၅) ချိတ်ခဲ့သော ပါးမားနှင့် အဆင့်(၁၂) ရခဲ့သည့် ဘိုလော့နာတို့ ပါးမားကွင်း၌ စက်တင်ဘာ ၂၂ ရက် **(ယနေ့)** တွင် ကစားရမည်ဖြစ်သည်။ ယခုနှစ် စီးရီးအေရာသီ၌ နိုင်ပွဲမရသေးသော ပါးမားတို့ ပထမပွဲစဉ်၌ မက်ဆီနာကို အိမ်ကွင်းတွင် ဂိုးမရှိသရေကျခဲ့ပြီး ဒုတိယပွဲစဉ်၌ အူဒီးနိစ်ကို လေးဂိုးပြတ် အသွင်းခံရပြီး ရှုံးခဲ့သဖြင့် နည်းပြ ဘာလ်ဒီနီအရှက်ရစရာ ဖြစ်ခဲ့ရသည်။

အဝေးကွင်းရော အိမ်ကွင်းပါ ပုံမှန်ခြေစွမ်းမပြနိုင်သည့် ဘိုလော့နာတို့ကို ပါးမားတို့က ယခုပွဲ အနိုင်ကစားတော့မည်ဖြစ်ရာ အိမ်ကွင်း ရလဒ်ကောင်းသော ပါးမားတို့ အနိုင်ရမည့်ပွဲဖြစ်သည်။ ။

**(မြန်မာ့အလင်း)**

# ကမ္ဘာ့အကောင်းဆုံး ပြေးခုန်ပစ်ဆု ဘီကီလီနှင့်ဘာရီဗာရရှိ

**မိုနာကို စက်တင်ဘာ ၂၁**

အီသီယိုးပီးယားမှ အပြေးသမားကင်နီနီဆာဘီကီလီနှင့် ရုရှားမှ တုတ်ထောက်ခုန် အမျိုးသမီး အားကစားသမား ယီလီနာအစ်စင်ဘာရီဗာတို့ နှစ်ဦးအား နိုင်ငံတကာ ပြေးခုန်ပစ်အသင်းက ယခုနှစ်အတွက် အကောင်းဆုံး ပြေးခုန်ပစ် အားကစားသမားဆုများကို တနင်္ဂနွေနေ့က ပေးအပ်ချီးမြှင့်ခဲ့သည်။

အသက်၂၂နှစ်အရွယ်ရှိ ဘီကီလီသည် ကမ္ဘာ့တစ်ဝန်းမှ ယခုနှစ်တာဝေးနှင့် တာတိုပြေးပွဲများတွင် ဆုတံဆိပ်သုံးခုကို ဆက်တိုက်ရရှိထားသူဖြစ်သည်။ ၎င်းသည် ကမ္ဘာ့အင်ဒိုး မီတာ ၅၀၀၀၊ ကမ္ဘာ့အောက်ဒိုး မီတာ ၅၀၀၀နှင့် အေသင်အိုလံပစ် မီတာ ၁၀၀၀၀တို့တွင် ဆုရရှိခဲ့သူဖြစ်သည်။

အသက်၂၂နှစ်အရွယ်ရှိ ရုရှားမှ အစ်စင်ဘာရီဗာသည် အေသင်အိုလံပစ်ပြိုင်ပွဲဆု၊ ကမ္ဘာ့မှတ်တမ်းဝင်ဆု ရှစ်ဆုရရှိထားသူဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**

# ကမ္ဘာတစ်လွှား အားကစား

## ရီယိုဖာဒီနန်ပြန်လာပြီး မန်ယူပထမဆုံးနိုင်ပွဲပေါ်

**လန်ဒန် စက်တင်ဘာ ၂၁**

အားလုံးသောမျက်လုံးများက ရီယိုဖာဒီနန်ကိုကြည့်နေကြသည်။ ၎င်းသည် ရှစ်လအပယ်ခံရပြီးနောက် ပြန်ရောက်လာခြင်းဖြစ်သည်။ တနင်္လာနေ့က မန်ယူနှင့်လီဗာပူးတို့ အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားကြရာတွင် မန်ယူအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ရခဲ့ရာတွင် နောက်တန်းအလယ်လူ မိုက်ကယ်ဆေးလ်ဗက်ဆတားက နှစ်ဂိုးစလုံးကို ခေါင်းတိုက်သွင်းပေးခဲ့သည်။

မန်ယူအသင်းသည် ခြောက်ပွဲကစားပြီး ကိုးမှတ်ဖြင့် နံပါတ်(၈)နေရာတွင် ရပ်တည်လျက်ရှိသည်။ ယင်းခြောက်ပွဲတွင် လီဗာပူးအား အနိုင်ရရှိခြင်းသည် ဒုတိယမြောက်အနိုင်ပွဲဖြစ်ပြီး နောက်တန်းလူ ဖာဒီနန် ပြန်ရောက်လာပြီးနောက် ပထမဆုံးအောင်ပွဲဖြစ်သည်။ မန်ယူသည် အာဆင်နယ်နောက်မှ ခုနစ်မှတ်အကွာဖြင့် လိုက်နေရသည်။ **အမ်အင်အေ၊ရိုက်တာ**

## မာရက်ဆာဖင် ချိုင်းနားအိုးပင်းတင်းနစ်ဖလားဆွတ်ခူး

**ပေကျင်း စက်တင်ဘာ ၂၀**

ရုရှားမှ မာရက်ဆာဖင်သည် ချိုင်းနားအိုးပင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် တနင်္ဂနွေနေ့က ယင်း၏ တစ်နိုင်ငံတည်းသား မိုက်ဟေးလ်ယုဇ်နီအား ၇–၆၊၇–၅ မှတ်ဖြင့် အနိုင်ရရှိသွားရာ ၂၂လ အတွင်း ရှားရှားပါးပါး ဖလားတစ်လုံးကို ရရှိသွားသည်။



**ရုရှားနိုင်ငံသား မာရက်ဆာဖင်သည်ပေကျင်းမြို့၌ကျင်းပသည့် ချိုင်းနားအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင်တစ်နိုင်ငံတည်းသား မိုက်ဟေးလ်ယုဇ်နီအား အနိုင်ရပြီးနောက် ဆုဖလားနှင့်အတူ ဤသို့ တွေ့ရသည်။**
(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့နံပါတ်တစ်ဖြစ်ခဲ့သည့် အဆိုပါ တင်းနစ်အားကစားသမားသည် ၂၀၀၂ခုနှစ် နိုဝင်ဘာလက ပဲရစ်မြို့၌ အနိုင်ရခဲ့ပြီးကတည်းက သူ၏ ပထမဆုံးဖလားကိုရယူရန် အတွေ့အကြုံများစေခဲ့သည်။

၎င်းသည် အဆိုပါဖလားရရှိသွားသဖြင့် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၆၉၂၀၀ ရရှိခဲ့သည်။ ၎င်းဖလားသည် သူ၏ အားကစားသက်တမ်းတစ်လျှောက် ၁၂ ခု မြောက်ဖလားဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**

## စပိန်လာလီဂါ အနိုင်အရှုံး

**မက်ဒရစ် စက်တင်ဘာ ၂၁**

စပိန်လာလီဂါပွဲစဉ်(၃)ကို စက်တင်ဘာ၁၈ရက်နှင့် ၁၉ရက်က ကျင်းပအပြီး အနိုင်အရှုံးမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | | |
|---|---|---|---|
| ဘီလ်ဘို | ၁ | – ၂ | ဒီပို့တီဗို |
| နူမန်စီယာ | ၁ | – ၀ | ဂီတာဖေး |
| ဆန်တင်ဒါ | ၁ | – ၁ | ဗီလာရီးရဲ |
| မာယော့ကာ | ၁ | – ၂ | မာဂါလာ |
| ဇာရာဂိုဇာ | ၄ | – ၃ | အယ်ဘာစီးတီး |
| ဆီးဗီလ် | ၃ | – ၀ | လီဗန်တေး |

**အမ်အင်အေ၊ရိုက်တာ**

## ရီးရဲမက်ဒရစ်နည်းပြ ကမာချို နုတ်ထွက်မှု အသင်းသားများနှင့် ပြဿနာမရှိဟု ဘက်ဟမ်းပြောဆို

**မက်ဒရစ် စက်တင်ဘာ ၂၁**

ရီးရဲမက်ဒရစ်အသင်းနည်းပြ ဂျို့စ်အန်တိုနီယိုကမာချိုသည် လေးလတာ တာဝန်ထမ်းဆောင်ပြီးနောက် နည်းပြအဖြစ်မှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့မှုအပေါ် အသင်းသားဘောလုံးသမားများ၌ တာဝန်မရှိဟု ဒေးဗစ်ဘက်ဟမ်းက တနင်္လာနေ့က ပြောကြားလိုက်သည်။

မိမိတို့သည် ကမာချိုနုတ်ထွက်သည့်ကိစ္စတွင် ဘာမှမပြောလိုပါဟု ဘက်ဟမ်းက ကမာချိုနုတ်ထွက်ရန် ကြေညာသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ရီးရဲမက်ဒရစ်အသင်းသည် အက်စ်ပန်ညိုအသင်းကို ပြီးခဲ့သောသီတင်းပတ်က တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးခဲ့၍ စိတ်ဓာတ်ကျသွားပုံရကြောင်း၊ ချန်ပီယံလိဂ်တွင် လေဗာကူဆင်အသင်းကိုလည်း သုံးဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း၊ ကမာချိုနှင့် မိမိတို့၏ ဆက်ဆံရေး ကောင်းမွန်ပါကြောင်း ဘက်ဟမ်းက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

# ကျေးလက်အနှံ့ ဖွံ့ဖြိုးတိုးတက်နေသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်လုပ်ငန်း



## ဖဲကြိုးဖြတ်ဖွင့်

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဒန့်ဒလွန်ကျေးရွာ ရောင်ခြည်သစ် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၉ ရက်က ကျင်းပရာ ဆရာမကြီး ဒေါ်အေးမြင့်ကြည်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးသိန်းထွန်းမြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်ရွှေ တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)



## ပခုက္ကူမြို့နယ်၌ လင်းရောင်ခြည် စာကြည့်တိုက်ဖွင့်

**ပခုက္ကူ စက်တင်ဘာ ၅**

ပခုက္ကူမြို့နယ် ဘဲကြီးကျေးရွာအုပ်စု လင်းရောင်ခြည် စာကြည့်တိုက်ဖွင့်လှစ်ပွဲကို ဩဂုတ် ၁၈ ရက်က အဆိုပါ ကျေးရွာစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးဝင်းဖေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် ဦးစီးအရာရှိတို့က အမှာစကား ပြောကြားကြသည်။

အခမ်းအနားသို့ ဘဲကြီးကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## မင်းဘူးမြို့နယ်၌ ကျေးလက်စာကြည့်တိုက်များဖွင့် စာကြည့်တိုက်လုပ်ငန်းများ လက်တွေ့ပညာပေးပြသ

**မင်းဘူး စက်တင်ဘာ ၉**

မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မင်းဘူး(စကု) မြို့နယ်အတွင်းရှိ ရွာသာ၊ ကြာကန်၊ လက်ပံတော၊ လက်ပံတစ်ပင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၉ရက်က ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထွန်းနှင့် ကျေးရွာဥက္ကဋ္ဌများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် လက်ပံတောကျေးရွာအုပ်စု လေးအိမ်တန်းကျေးရွာ ပညာပျိုးခင်း စာကြည့်တိုက်တွင် စာကြည့်တိုက်လုပ်ငန်းများဖြစ်သော စာစု၊ စာပို့၊ စာဖြန့်နှင့်စာငှားလုပ်ငန်းများကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဝန်ထမ်းများက လက်တွေ့ပြသ ပညာပေးပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းထွန်းအောင်က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးရှင်သန်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။ **(၄၀၇)**


## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်



* ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဆက်သွယ်ပါ။

* ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။


## ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်သို့ မဂ္ဂဇင်း၊ ဂျာနယ်နှင့် ရုပ်ပြစာအုပ်များပေးအပ်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနစာကြည့်တိုက်သို့ ကျပ် ၉၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်း၊ ဂျာနယ်နှင့် ရုပ်ပြစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂ ရက်နံနက်ကအဆိုပါရုံး ရုပ်မြင်သံကြားခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်မောင်က မြို့နယ်ရုံး စာကြည့်တိုက်နှင့် ရပ်ကွက်များအလိုက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

**လက်ခံ**

ထို့နောက် အလှူရှင် ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နေ ဦးစိုးနိုင်-ဒေါ်သောင်းပြည့်၊ သားမောင်မျိုးသီဟကို မိသားစုက ကျပ်ငွေ ၉၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်း၊ ဂျာနယ်နှင့် ရုပ်ပြစာအုပ်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူးက လက်ခံရယူသည်။ **(အောက်ပုံ)**

**ပေးပို့လှူဒါန်း**

အဆိုပါ လှူဒါန်းသော စာအုပ်များအား မြို့နယ်အတွင်းရှိ ရပ်ကွက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ဆက်လက်ပေးပို့လှူဒါန်းကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



ဩဂုတ် ၂၂ ရက်က ဆီဆိုင်မြို့နယ် လွယ်ဆံဆစ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် မြို့နယ် ပညာရေးဌာနက ကြီးမှူးကျင်းပသည့် ရပ်ရွာပညာပဒေသာဌာနအတွက် စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် ပညာရေးဌာနကိုယ်စား မြို့နယ်ပညာရေးမှူး ဒေါ်နန်းငွေငွေက စာအုပ်စာတမ်းမျိုးစုံကို လွယ်ဆံဆစ်ကျေးရွာ တာဝန်ရှိသူထံ လွှဲပြောင်းပေးအပ်လှူဒါန်းစဉ်။ (၀၄၈)

ဩဂုတ် ၂၇ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ခေးနင်းကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲတွင် ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးမျိုးတင့်နှင့် ခေးနင်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းပညာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)





## ဖူးသစ်စကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ကျောက်မဲမြို့ ကွဲကုန်းကျေးရွာတွင်ဖွင့်လှစ်

**ကျောက်မဲ စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ ကွဲကုန်းကျေးရွာအုပ်စု ကွဲကုန်းကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ဖူးသစ်စ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၈ရက်က ကျင်းပရာ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဦးစိုင်းကျော်လှိုင်၊ ခရိုင်ဦးစီးအရာရှိ ဦးမောင်ကိုနှင့်ကျေးရွာဥက္ကဋ္ဌဦးဝါလိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဦးမောင်ကိုက စာကြည့်တိုက်များ ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းကိုက စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

## အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု သနပ်ပင်မြို့တွင် အခမ်းအနားကျင်းပ

**သနပ်ပင် စက်တင်ဘာ ၁၂**

ပဲခူးတိုင်း သနပ်ပင်မြို့နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို သနပ်ပင်မြို့နယ် ဈေးပိုင်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ စက်တင်ဘာ ၁ရက် နံနက် ၈ နာရီက ကျင်းပသည်။

**အခမ်းအနားဖွင့်လှစ်**

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဦးအောင်ကျော်မြင့်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌဦးအောင်ကြည်က ငါးနှစ်အောက် ကလေးငယ်တစ်ဦးအား ဗီတာမင်-အေ ဆေးလုံးတိုက်ကျွေးပြီး**(အောက်ပုံ)** အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ **(မြို့နယ် ပြန်/ဆက်)**





## မွန်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဖွင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်အားပေး

မော်လမြိုင် စက်တင်ဘာ ၁၃

**မွန်ပြည်နယ် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု (အခြေခံပညာအဆင့်) အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက်က မော်လမြိုင်မြို့ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း ယင်းမာခန်းမ၌ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်အားပေးသည်။**

ရှေးဦးစွာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်၊ ပြည်နယ်ပညာရေးမှူး ဦးအောင်မြို့တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး၊ မွန်ပြည်နယ် ပညာရေးမှူးဦးအောင်မြို့က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဆုပေးပွဲကို စက်တင်ဘာ ၅ ရက်က ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်၊ ပြည်နယ်ပညာရေးမှူး ဦးအောင်မြို့နှင့် အဆို၊အက၊အရေး၊ အတီးကျင်းပရေးကော်မတီဝင်တို့က ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(၁၆၈)**

**၂၀၀၄ ခုနှစ် ပြည်မြို့နယ် ပညာရေးမှူးဒိုင်း ကျောင်းသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၁၅ရက်ညနေက ပြည်မြို့ ခေတ္တရာအားကစားပြိုင်ကွင်းတွင် ဝက်ထီးကန်(အထက)အသင်းနှင့်ပြည်(အထက-၅) တို့ယှဉ်ပြိုင်ကစားကြရာ အနိုင်ရ ဗိုလ်စွဲသွားသော ဝက်ထီးကန်(အထက)အသင်းအား ပြည်မြို့နယ်ပညာရေးမှူးဦးချစ်လှက ဆုချီးမြှင့်ပေးအပ်စဉ်။** (၄၀၃)



## သပိတ်ကျင်းကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်

**သပိတ်ကျင်း စက်တင်ဘာ ၈**

သပိတ်ကျင်းမြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီနှင့် ပညာရေး ကြီးကြပ်မှုကော်မတီတို့ စီစဉ်ဆောင်ရွက်သည့် ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားဆောင်ရွက်မှုကို ဩဂုတ် ၁၂ရက်က သပိတ်ကျင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးစောလွင်နှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ တင်ဦး၊ သွားဆရာဝန် ဒေါက်တာ ယဉ်ယဉ်ထိုက်၊ ငှက်ဖျားအင်စပက်တော် ဦးမျိုးမြင့်တို့ ကြီးကြပ်လျက် ကျောင်းသား ကျောင်းသူများကို သံခါတ်ချို့တဲ့မှု၊ သွေးလွန်တုပ်ကွေး၊ ဆင်ခြေထောက်ရောဂါနှင့် ငှက်ဖျားရောဂါအကြောင်း သိမှတ်ဖွယ်ရာများ ဟောပြောကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့အသံ

၂၃-၉-၂၀၀၄(ကြာသပတေးနေ့)

**နံနက်ပိုင်း**

၀၇း၀၀ တရားတော်<br>(မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

**နေ့လယ်ပိုင်း**

၁၀း၀၅ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အခြေခံပညာ (၁၀-၁၅)နှစ် အမျိုးသား အမျိုးသမီးများ လေ့လာနိုင်ရန်(ဓမ္မပူဇာတေး)<br>
၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ကျေးလက်ဒေသမွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ)<br>
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)သက္ကလသူရဲကောင်း၊ သို့မဟုတ် ဒူးရင်းသီးဦးစိုးမြင့်(ချစ်စံဝင်း) (၂)ပြိုင်ပွဲဝင်စံပြစာစီစာကုံးများ (ဦးဝမ်ထိန်)<br>
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (အသားစားသင့် မစားသင့်- ပထမပိုင်း-မောင်ဆုရှင်)<br>
၁၂း၃၀ အစာနှင့် အာဟာရ (ငါးခေါင်းဟင်းချို)<br>
၁၂း၄၀ ကျန်းမာရေးရာပြန်ကြားလွှာ

**ညနေပိုင်း**

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ<br>
၁၇း၀၀ တပ်မတော်စာတိုက်<br>
၁၇း၁၅ သုတရေးရာဖြေကြားလွှာ<br>
၁၈း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (လွှမ်းမဖြေသာ)<br>
၁၉း၄၀ နှောင်းတေးထံ[illegible]

## အမြို့မြို့ အနယ်နယ် သတင်းများ

**မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့လက်အောက်ရှိ မြို့နယ်များမှ တာဝန်ခံ အင်ဂျင်နီယာ ၂၆ ဦးတို့အား ခြင်၊ယင် နှိမ်နင်းရေးဆင့်ပွားသင်တန်းကို စက်တင်ဘာ ၈ ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့ရုံးအစည်းအဝေးခန်းမရှေ့တွင် ပို့ချရာ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမြင့်ဝင်းက လက်တွေ့သရုပ်ပြသစဉ်။** (တိုင်းစည်ပင်)



## ကျေးလက်ဒေသသောက်သုံးရေဖူလုံစွာရရှိရေး စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များ လှူဒါန်းနိုင်

**ရန်ကုန် စက်တင်ဘာ ၂၁**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့် တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

**ဆက်သွယ်လှူဒါန်းနိုင်**

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း- ၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၉၁၃၉၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့)ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး(မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(နယ်စပ်စည်ပင်)**

## ဆောင်ရွက်

**ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးအောင်ရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်စန်းဦးတို့ ကြီးကြပ်၍ မြို့မဈေးအတွင်း အပြင် ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဩဂုတ် ၂၈ ရက်က စည်ပင်ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်းတူးဖော် ဆောင်ရွက်ကြစဉ်။** (၃၈၅)



## အမြို့မြို့ အနယ်နယ် သတင်းများ



အိမ်မဲမြို့ မြို့မဈေးအတွင်းရေစီးရေလာ ကောင်းမွန်ရေးအတွက် စက်တင်ဘာ ၇ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်၊ ဈေးတာဝန်ခံ ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်း၍ ရေနုတ်မြောင်းတူးဖော်မှုကို အမှုဆောင်အရာရှိဦးမျိုးဝင်းတို့ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



## ရမည်းသင်းခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ

ပျော်ဘွယ် စက်တင်ဘာ ၁၅

ရမည်းသင်းခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှုဒွါဒသမအကြိမ် (၁၂ကြိမ်) အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ရက်က ပျော်ဘွယ်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဗိုလ်မှူးချုပ်လှမြင့်က ပြိုင်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲတွင် ပညာရှင်အဆင့် ၁၅ဦး၊ ဝါသနာရှင်အဆင့် ၂၀ အပါအဝင် ပြိုင်ပွဲဝင်ပေါင်း ၁၃၃ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

(အပေါ်ပုံ) (၂၅၀)

## ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

- ❒ မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်မြက်မြင့်မားရေး။
- ❒ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❒ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့်မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရေး။
- ❒ မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
- ❒ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး။
- ❒ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

စက်တင်ဘာ ၈ရက်က ကြို့ပင်ကောက်မြို့ အရှေ့လမ်းမတော်လမ်း ကတ္တရာလမ်းပေါက် ပြုပြင်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးမျိုးအောင်နှင့် အငယ်တန်း အင်ဂျင်နီယာ-၂ ဒေါ်နွယ်နွယ်ယဉ်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (ဝ၄ဝ)



တာချီလိတ်မြို့ စိမ်းလန်းစိုပြည်ရေးအတွက် အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို စက်တင်ဘာ ၇ ရက်က တာချီလိတ် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဝင်း၊ လက်ထောက်အင်ဂျင်နီယာ ဦးစိုးစိုးဦးနှင့် ဝန်ထမ်းများဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



တောင်ငူခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲမြင့်နှင့် တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခရိုင်တာဝန်ခံ ဦးကိုကိုနိုင်တို့ ဆွာဂုံမင်းကွင်းကျေးလက်မြေသားလမ်းအား ကွင်းဆင်းစစ်ဆေးရာ ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးလှိုင်မြင့်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)



## သိန်းနီမြို့၌ဆေးလိပ်ကင်းဝေးရေးပညာပေး ပိုစတာနှင့်လက်ကမ်းစာစောင်များဖြန့်ဝေ

သိန်းနီ စက်တင်ဘာ ၁၂

**ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ် ကျန်းမာရေးဌာနမှ ကျင်းပသည့် ဆေးလိပ်ကင်းဝေးရေးစီမံချက် အသိပညာပေးဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၃၁ရက်က အခြေခံပညာ အထက်တန်းကျောင်း ငွေရတုခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၂) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးအောင်မိုးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး မြို့နယ်ဆရာဝန် ဒေါက်တာဒေါ်သင်းသင်းလှိုင်က ဆေးလိပ် ကင်းဝေးရေး စီမံချက်နှင့် ဆေးရွက်ကြီး၊ ဆေးလိပ်အန္တရာယ် အသိပညာပေးဟော ပြောကြသည်။

ဆက်လက်၍ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းနွဲ့က ကျောင်းကျန်းမာရေး ဆေးလိပ်ကင်းဝေးရေး စီမံချက် လုပ်ဆောင်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောရာ ဆေးလိပ်အန္တရာယ် ကင်းဝေးရေး စာအုပ်၊ ပိုစတာနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

## ရေတော်၊ မိုးတော်ထွန်တုံးပိတ်ပွဲစပါး၊ပဲမျိုးစုံစိုက်ပျိုး

ရေစကြို စက်တင်ဘာ ၁၂

မကွေးတိုင်း ရေစကြိုမြို့နယ်၏ ရေတော်၊ မိုးတော် ထွန်တုံးပိတ်ပွဲကို ဩဂုတ် ၂၁ ရက်က ကျင်းပသည်။

ရေစကြိုမြို့နယ်၏ စပါးမျိုးစုံနှင့် ပဲမျိုးစုံ ၂၀၀၄-၂၀၀၅အတွက် လျာထားသည့် ၂၀၆၂၆ ဧကအား အပြည့်အဝ တောင်သူကြီးများက စိုက်ပျိုးကြမည် ဖြစ်ပြီး အထွက်တိုးရေးအတွက် မျိုးကောင်း မျိုးသန့်နှင့် လိုအပ်သော မြေဩဇာများ အသုံးပြု၍ စပါးနှင့် ပဲမျိုးစုံ ပြည့်ဝအောင် လုပ်ကိုင်စိုက်ပျိုးကြမည် ဖြစ်သည်။ (၂၅၁)

## သာပေါင်းမြို့နယ်ကျေးရွာ တိရစ္ဆာန်များအား ရောဂါကာကွယ်ဆေးထိုးနှံ

သာပေါင်း စက်တင်ဘာ ၁၄

သာပေါင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၉ရက်က သာပေါင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် တိရစ္ဆာန်များအား ရောဂါကြိုတင်ကာကွယ်ကုသခြင်းနှင့် ဆေးများထိုးနှံခြင်း လုပ်ငန်း ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ဦးအောင်မင်း (ဒု-ဦးစီးမှူး၊စည်းကမ်း)ဦးဆောင်သော စည်းကမ်းထိန်းဌာနစိတ် ဝန်ထမ်းများ ဩဂုတ် ၃၀ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေး အတွက် ဗိုလ်ချုပ်လမ်း တွင် အနေးယာဉ် များအား စစ်ဆေး ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



# မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အင်းစိန်အထက(၃)ပညာရည်မြင့်မားရေးအထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲတက်ရောက်ချီးမြှင့်

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း အင်းစိန်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲတွင် အထောက်အကူပြုစာသင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ **(သတင်းစဉ်)**



ရန်ကုန် စက်တင်ဘာ ၂၁

**ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေး ချီးမြှင့်သည်။**

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ***စာမျက်နှာ ၈ ကော်လံ ၁ ✻***


## စာပေဒါန

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်-

နေ့ရက် - ၂၄-၉-၂၀၀၄ (သောကြာနေ့)

အချိန် - ညနေ ၃ နာရီ မိနစ် ၃၀

နေရာ - ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေး ခန်းမ။

စာပေဒါနပြုလိုကြသော စေတနာရှင်၊ အလှူရှင်များ အချိန်မီ တက်ရောက်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

ဖုန်း-၃၇၁၃၃၉၊ ၃၇၉၇၆၉၊ ၃၇၉၇၇၁


**မြန်မာ့အလင်း**

**သတင်း — ဆောင်းပါး — အညွှန်း**

မြန်မာနိုင်ငံကဲ့သို့ အမျိုးသားရေးစရိုက်လက္ခဏာလွှမ်းသော နိုင်ငံများသည် မည်သူ့ကိုမှ တပည့်မခံ၊ မည်သူ့ကိုမှလည်း ဆရာကြီး မလုပ်ခဲ့ပေ။ **Uncle Sam** သည် မြန်မာနိုင်ငံအပါအဝင် တပည့်မခံသော နိုင်ငံအစိုးရများ၊ ၎င်း၏ရုပ်သေးအစိုးရတို့ အာဏာမရသေးသော နိုင်ငံများ၏ ပြည်တွင်းရေးကို ပြောင်ဝင် စွက်ဖက်သည်။ စစ်ရေးအရ အကြမ်းဖက် ဝင်တိုက်၍ရလျှင် တိုက်သည်။ မရသည့်အဆုံး **Media Terrorism** ကို လက်သုံးထား၍ နဖားကြိုးအထိုးခံများမွေးပြီး နှိပ်ယှက်ယူသည်။

ဗလမင်းထင်၏ "ကိုယ်လည်း ရှင်သန်နေ၊ သူတစ်ပါးလည်း ရှင်သန်စေ" ဟူသောဝါဒသို့ သတင်းဆောင်းပါး စာ-၅ နှင့် ၇ တွင် ဖတ်ရှုနိုင်ပါသည်။

## မန္တလေးဘူတာရုံသစ်ကြီး

နိုင်ငံတကာအဆင့်မီ မြို့တော်အင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက် သာယာလှပစေရန် ဘက်စုံထောင့်စုံမှ အဆင့်မြင့်တည်ဆောက်လျက်ရှိရာ မန္တလေးမြို့၏ ဘူတာရုံသစ်ကြီးအား စက်တင်ဘာ ၂၀ ရက်က ဤသို့ ခံ့ညားထည်ဝါစွာတွေ့ရသည်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)



## ကမ္ဘာ တစ်လွှား ထူးထူး ခြားခြား



### ပင်လယ်ပြင်ဘဝလေ့လာရေး

ပင်လယ်ကြမ်းပြင်တွင်တွေ့ရသော ဆန်းဖလားဝါးပင်လယ်ကြယ်သုံးခုကို ပင်လယ်ပြင်ဘဝ သန်းခေါင်စာရင်းဌာနက **(အပေါ်ပုံ)**တွင်ပါသည့်အတိုင်း မှတ်တမ်းတင်ရိုက်ကူးထားခဲ့သည်။ ဩစတြေးလျသိပ္ပံပညာရှင်များသည် ပင်လယ်ရေမြှုပ်၊ ပင်လယ်မှော်တို့၌တွေ့ရှိရသော ဓာတုပစ္စည်းများမှ ကင်ဆာရောဂါကုသနိုင်သည့် ဆေးဝါးများကို တီထွင်ထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိသည်။ **(ဓာတ်ပုံ-အင်တာနက်)**

— — — — —

### အင်္ဂါဂြိုဟ်မှ ဂမ်မာဓာတ်ရောင်ခြည်များ

အနီရောင်အင်္ဂါဂြိုဟ်၏တောင်ဝင်ရိုးစွန်းတွင်ရှိသော ဂမ်မာဓာတ်ရောင်ခြည်များကို ရောင်စဉ်တိုင်းကိရိယာဖြင့် ပုံတွင်ဖော်ပြထားသည့်အတိုင်း တွေ့ရသည်။ **(အောက်ပုံ)**



လာမည့် နှစ် ၂၀ နှင့် ၃၀ အတွင်း၌ ထိုအင်္ဂါဂြိုဟ်ပေါ်တွင် သိပ္ပံပညာရှင်များ ရေကို ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ရာ ထိုအချိန်ရောက်လျှင် လူသားတို့ အင်္ဂါဂြိုဟ်ပေါ်၌ ခြေချနိုင်ကြဖွယ်ရှိပေသည်။

**(ဓာတ်ပုံ-အင်တာနက်)**

22-9 (20).p65 1 22.09.2004, 12:50 AM